www.burmeseclassic.com

# တာရာမင်းဝေ

# ကျွန်တော်နှင့် ဂါလီဗားအိပ်မက်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၅၀၀၈၅၇၀၇၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၀ ၂၄၀၉၀၇

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၀၈ ခုနှစ်၊ မေလ

အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၀၀ကျပ်

**မောင်မျိုး**

(ကြောင်နှစ်ကောင်စာပေ)

စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(တစ်)

လူတစ်ယောက်က လူတစ်ယောက်ကို တွေ့တယ်ဆိုတာ ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်အတွက် ဆန်းသွားတယ်။ ထူးခြားအံ့သြဖွယ်ရာလည်း ဖြစ်ခဲ့တယ်။ သူကလည်း ကျွန်တော့်ကို မေးပါတယ်။


"မင်းက ငါ့ကိုကြည့်ပြီး ဘာတွေအထိတ်တလန့် ဖြစ်နေတာလဲ"

"ခင်… ခင်ဗျားက ထွားလွန်းတာကိုးဗျ"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ကိုယ့်ဟာကိုယ် ထွားတာတော့ ဘယ်တတ်နိုင်မှာလဲကွ"

"ကျွန်တော်က လူတစ်ယောက် အရမ်းကြီးရင် မကြိုက်ဘူးဗျ"

"အေးလေ ငါကလည်း မင်းမကြိုက်အောင် ကြီးတာမှမဟုတ်တာ"

"ထားပါတော့ အခု ခင်ဗျား ဘာလုပ်နေတာလဲ"

"ငါ့ဖာသာ ဘာလုပ်လုပ် မင်းနဲ့ဘာဆိုင်လဲ"

"မဟုတ်ဘူးလေ... ကျွန်တော့်ကို အန္တရာယ်ပြုမလို့လား"

"ငါ အန္တရာယ်ပြုရင် မင်း သေသွားတာကြာပြီ"

"ဒါဖြင့် ဘာလုပ်နေတာလဲ"

"မင်းကို ကယ်နေတာ"

"ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"မင်း AIDS ဖြစ်ပြီး သေတော့မလို့"

"ဟင်... အဲဒီ AIDS ဆိုတာ ၂၀ ရာစုမှာ ပေါ်လာတဲ့ရောဂါ မဟုတ်လား၊ အခုမှ '၁၇' ရာစုရှိသေးတယ် ခင်ဗျားဟာ ဟုတ်ရောဟုတ်လို့လား"

"မင်း မယုံလဲနေကွာ၊ ဘာပဲပြောပြော မင်း အခု မသေတော့ဘူး ထ... ထ"

ကျွန်တော် ခုတင်ပေါ်မှ လူးလဲထလိုက်တယ်။ ခုတင်ကြီးက ကြီးမှကြီး။ ခုတင်က ကြီးမှာပေါ့လေ အဲဒီလူကြီးကလည်း ရှေ့မှာဆိုခဲ့ပြီးတဲ့အတိုင်း အကြီးကြီး။

"ခင်ဗျားက ဘာလူမျိုးလဲဗျ"

"အင်္ဂလန်မှာနေတာပဲကွ"

"အင်္ဂလန်မှာ ကျန်တဲ့လူတွေလည်း ခင်ဗျားလို အကြီးကြီးပဲလား"


www.burmeseclassic.com

www.burmeseclassic.com

"ငါ့ကကို ထွားတာလည်း ပါပါတယ်ကွာ"

"ကျွန်တော် AIDS ဖြစ်တယ်ပဲ ထားပါဦးတော့၊ အခု ကျွန်တော့် ရောဂါ ရှင်းရှင်းပျောက်ပြီပေါ့ ဟုတ်လား"

"အေး ဟုတ်တယ်၊ ပျောက်ပြီ၊ မင်း လူကောင်းတစ်ယောက် ကောင်းကောင်းဖြစ်ပြီ"

"ဘယ်လိုလုပ်များ ကျွန်တော်က AIDS ဖြစ်ရတယ် မသိပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ ပျောက်သွားရင်ပြီးရောပေါ့၊ အခု ငါဟာ မင်းရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သွားပြီ၊ ငါ့အမိန့်ကို မင်း နာခံရတော့မယ်၊ ငါခေါ်ရာ မင်းလိုက်ပြီး ငါခိုင်းတာ မင်း လုပ်ရတော့မယ်"

"ဟင်... ခင်ဗျားဟာကလဲ တစ်မျိုးကြီးပါလား"

"အချိန်မရှိဘူး၊ လာ... လာ သွားကြမယ်"

"ဘယ်ကိုသွားမှာလဲ"

"ပင်လယ်ထဲကိုပေါ့"

"ဟာ... ဘာလုပ်ဖို့လဲ"


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


"မင်း မှတ်ထား၊ ပင်လယ်ဆိုတာ အဝေးကနေ ငေးကြည့်ဖို့ မဟုတ်ဘူး၊ ကူးဖြတ်ကျော်လွှားဖို့ကွ"

"ခင်ဗျား ဘယ်လောက်ကြီးကြီး ပင်လယ်က ခင်ဗျားထက်ကြီး တယ်နော်"

"အေး အဲ့ဒီစိန်ခေါ်ချက်ကို ငါ လက်ခံတယ် လာ သွားကြမယ်"

၀


www.burmeseclassic.com

www.burmeseclassic.com


# အခန်း(နှစ်)

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ကျွန်တော်က ကျွန်တော့်နာမည်ကို ပြောပြလိုက်သည်။ သူကလည်း သူ့နာမည် ပြန်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်နာမည် ရွှေပြည်"

"ငါ့နာမည် လီမြူယယ်ဂါလီဗား (Lemuel Gllivery) ပါကွ၊ ငါက ဆရာဝန်တစ်ယောက်ပဲ၊ တမင်တကာ ခရီးသွားတဲ့ ဗဟုသုတရအောင် ခရီးထွက်တာ၊ မင်းကိုပါ လိုက်စေချင်လို့ ခေါ်လာတာ"

"ဗုဒ္ဓေါ"

ကျွန်တော် အလိုမပါသောခရီးကို ကျွန်တော် လိုက်ခဲ့ရပါတယ်။ သူ့ကို ကျွန်တော် မလွန်ဆန်နိုင်ပါဘူး။ သူဟာ အားခွန်ဗလကောင်းသလို ဉာဏ်လည်းကောင်းသည့်အတွက် သူခေါ်ရာကိုလိုက်ခဲ့ရပါတော့တယ်။

ဒီလိုနဲ့ပဲ ခရီးက စခဲ့ပါတယ်။ ကမ္ဘာကို တစ်ဝက်လောက်ပတ်မိတဲ့အထိ အခြေအနေက ဘာမှမထူးခြားပါဘူး။ ရာသီဥတုကလည်း အရှမ်းကို သာယာကောင်းမွန်ပါတယ်။ စုမတြား (Sumatra)ဆိုတဲ့ကျွန်းနားရောက်မှ ရေပြင်ဟာ ရုတ်တရက် ပြောင်းလဲသွားပါတော့တယ်။

"ဂါလီဗား"

"ဟေ... ဘာလဲကွ"

"ကျွန်တော့်စိတ်ထဲမှာ ထင့်နေတယ်"

"ဘာကို ထင့်နေတာလဲ"

"ဒီတစ်ခါ ပင်လယ်ကြီးငြိမ်နေတာက အနက်ရောင် **အဓိပ္ပာယ်** တစ်ခုခု ရှိနေသလိုပဲ"

"ပြောချင်တာကို ပွင့်ပွင့်လင်းလင်း ပြောစမ်းကွာ"

"ကျွန်တော်တို့ကို အန္တရာယ်ပြုတော့မယ်ထင်တယ်"

"ဟား... ဟား... ဟား... ဟား"


www.burmeseclassic.com

ဂါလီဗားက သန့်စွမ်းတဲ့ သူ့ရဲ့ လက်မောင်းကြွက်သားများကို ကွေးဆန့်ပြရင်း–

"ပင်လယ်ကြီးကို ရိုက်ချိုးပစ်မယ်ဟေ့"

"အေး အဲဒီလိုမျိုး ပင်လယ်ကို ခင်ဗျား နိုင်ခဲ့ရင်တော့ ကောင်းတာပေါ့၊ နေပါဦး သူ့ဟာသူနေတဲ့ ပင်လယ်ကို ခင်ဗျားက ဘာကြောင့် ရိုက်ချိုးချင်ရတာလဲ"

ဂါလီဗားက ရင်ကော့ပြပြီး–

"ငါ 'ဂါလီဗား' ဖြစ်နေလို့ပဲ"

"ဟာ... 'ဂါလီဗား' မိုးတွေရွာလာပြီ"

သင်္ဘောသားတွေ သင်္ဘောစီးခရီးသည်တွေ အလုပ်ရှုပ်သွားကြပါတယ်။

"လေတွေမိုးတွေ ကျလာပြီဟေ့"

အဲဒီ လေတွေမိုးတွေဟာ ပင်လယ်ထဲမှာ ရက်ပေါင်းအတော်ကြာ တိုက်ခတ်ခဲ့ပါတယ်။ သင်္ဘောဟာ ပင်လယ်ထဲမှာလွင့်လို့ ဘယ်နေရာရောက်နေလဲဆိုတာကို ကပ္ပတိန်တောင် မသိပါဘူး။ သင်္ဘောပေါ်ကလူတွေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အမြောက်အမြား သေဆုံးကြတယ်။ နောက်ဆုံးမှာ သင်္ဘောဟာ ကျောက်ဆောင်တစ်ခုကို ဝင်တိုက်မိပါတယ်။

"ဟာ... ဂါလီဗား လုပ်ပါဦး"

ကျွန်တော်ကတော့ ဂါလီဗားကို မြဲမြဲတွဲထားတာပဲ။ ဒါပေမယ့် ပင်လယ်လှိုင်းလုံးတွေအောက်မှာ လူချင်းကွဲသွားတယ်။

ကံကောင်းထောက်မစွာလို့ ပြောရမှာပဲ။ အသက်ကယ်လှေပေါ်မှာ နှစ်ယောက်သား ပြန်တွေ့ကြတယ်။

"ဟာ... ဟော့ကောင် မင်း မသေသေးဘူးလား"

"ကျွန်တော်ကလည်း ခင်ဗျားသေပြီ အောက်မေ့နေတာ"

"တော်... တော်... ဟော့ကောင် ဟိုမှာ လှိုင်းလုံးကြီးလာပြန်ပြီ"

ကျွန်တော်တို့နှစ်ယောက် စကားမပြောအားတော့ဘဲ လှေနံရံကို မြဲမြဲကိုင်ထားရပါတယ်။

အဲဒီလိုနဲ့ အစာရေစာ မလောက်မင စားသုံးရင်း နောက်ဆုံးမှာ ကျွန်တော်တို့ သတိလစ်သွားကြပါတယ်။ ဘယ်နှစ်ရက်ကြာကြာ သတိလစ်သွားတယ် မသိပါဘူး။ ကျွန်တော် သတိရတော့ ပင်လယ်ကြီးကို ရိုက်ချိုးမည့် ဂါလီဗားအား ကမ်းစပ်ကို မျက်လုံးပြူးကြီးနှင့် ကြည့်နေသည်ကို တွေ့ရပါသည်။

"ဟော့ကောင် မင်း သတိရပြီလား"

"ရပြီ"

သူ့ကို ပြီးစလွယ် ပြန်ဖြေပြီး သူ စူးစူးဝါးဝါး ကြည့်နေရာအရပ်သို့ လိုက်ကြည့်မိပါတယ်။

"ဟာ... ကမ်းခြေဗျ၊ ကမ်းခြေ"



www.burmeseclassic.com

"အေးကွ မြို့ပဲ"

"ဘာမြို့ပါလိမ့်"

နှစ်ယောက်သား ဝမ်းသာအားရနှင့် အဲဒီမြို့ကို မျက်ခြေမပြတ်အောင် ကြည့်နေမိကြပါတယ်။ အနားရောက်တော့ ကျွန်တော်က ဝမ်းသာအားရ အော်ဟစ်လိုက်တယ်။

"ဟေး... ငါ့မြို့ပြန်ရောက်ပြီကွ"

"ဘာ... မင်းမြို့လဲ၊ လစ်လီပွတ် (Lilliput) တွေနေတဲ့ မြို့ကွ"

"တောက်တီးတောက်တဲ့တွေ လာမပြောနဲ့၊ ဒါ ကျွန်တော်တို့ရဲ့ မြို့တော်ရန်ကုန်ဗျ"

○



www.burmeseclassic.com

www.burmeseclassic.com


# အခန်း(သုံး)


"ဘာကွ..."

"ခင်ဗျား မယုံရင် စောင့်ကြည့်လေ၊ ဒါ မြို့တော်ရန်ကုန်ဆိုတာ အသေအချာပဲ"

"မဟုတ်ဘူးကွ၊ 'ဂျိုနာသန်စွစ်' (Jonathan Swift) ရဲ့ ဝတ္ထုထဲက အတိုင်းဆိုရင် ငါ လစ်လီပွတ်နေတဲ့မြို့ကို ရောက်သွားရမှာ၊ အဲဒီမှာ လစ်လီပွတ်တွေနဲ့ ငါနဲ့ တိုက်ခိုက်ရဦးမယ်၊ ဝါက သူ့ရဲကောင်းပေါ့၊ မင်းလည်းမရှိပါဘူး၊ ဘယ်က အလေနတောလဲ မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

 www.burmeseclassic.com 

"ခင်ဗျားဘာသာ ပြောချင်ရာပြော၊ ရန်ကုန်ဗျ ရန်ကုန်"

"၁၇ ရာစုနှစ်မှာ ရန်ကုန်ဆိုတာ မကြားဖူးပါဘူးကွာ"

"ခင်ဗျားကျတော့ ကျုပ်ကို အတင်းကြီး '၁၇' ရာစုထဲခေါ်လာသေးတာပဲ"

"၁၇ ရာစုမှာ ရန်ကုန်ဆိုတာ ရှိလို့လားကွာ"

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ အသက်ကယ်လှေကလေးဟာ ရန်ကုန်ဆိပ်ကမ်းကို ချဉ်းကပ်ခဲ့ပါတယ်။ အားလုံးက ကျွန်တော်တို့ကို တအံ့တသြ ဝိုင်းကြည့်ကြတယ်။ နှစ်ယောက်စလုံးက အဝတ်အစားလည်း မလုံမလဲနဲ့ကိုး။ အဲဒီကိစ္စအတွက် ကျွန်တော့်ဘက်က သိပ်အရေးမကြီးပေမဲ့ 'ဂါလီဗား'ကြီးအတွက်ကတော့ အတော်အရေးကြီးတယ်။ သူ့ခန္ဓာကိုယ်ကလည်း ထွားကြိုင်းလွန်းတာကိုး။

ဂါလီဗားကြီးဟာ သူ့ကိုဝိုင်းကြည့်နေတဲ့ လူတွေရှေ့မှာ မလုံမလဲနဲ့ ရှက်နေတော့တယ်။

"ဟေ့ကောင်"

"ဗျာ"

"ဒီရှေ့ကလူတွေက မင်းတို့ဇာတိသားတွေလား"

"ဟုတ်တယ်လေ ရန်ကုန်က ကျွန်တော့်မြို့ပဲဟာ"

"ငါ့ကို တစ်ခုခု စီစဉ်ပေးဦး"

"ဘာကို စီစဉ်ပေးရမှာလဲ"

"ငါ ရှက်တယ်ကွ၊ ဒီအတိုင်းကြီး"

"ခင်ဗျားကလဲ ထွားလွန်းတာကိုး"

"လာပြန်ပြီ ဒီစကား"



www.burmeseclassic.com

www.burmeseclassic.com


“မဟုတ်ဘူးလေ ခင်ဗျားနဲ့ တော်တဲ့အဝတ်အစားက ရှိဖို့မလွယ်ဘူး”

“ဘာပဲပြောပြောကွာ ဖြစ်အောင်ကြည့်စီစဉ်ပေး၊ အရက်လုံ့ရင်တော်ပြီ”

“ကောင်းပြီလေ”

ဆိပ်ကမ်းကို လှေကပ်လို့ရသွားတော့ ကျွန်တော်တို့ရဲ့ ‘ဂါလီဗား’ ကြီးဟာ မျက်နှာကြီး နီရဲနေပါတယ်။ ကျွန်တော်ကတော့ သူ့လောက် အခြေအနေမဆိုးတဲ့အပြင် ကိုယ့်ရုပ်ကိုယ့်ရွာကို ပြန်ရောက်လို့ ဝမ်းသောင်သာပါသေးတယ်။ ကျွန်တော်တို့နှစ်ယောက်ဆီကို သတင်းထောက်တွေ ဂျာနယ်လစ်(စ်)တွေ ဝိုင်းအုံလာကြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုဖြစ်လို့ ဒီပုံစံကြီးနဲ့ ရောက်လာကြတာပါသလဲခင်ဗျာ"

ဂါလီဗားက ဘုတောပါတယ်။

"ဘယ်လိုဖြစ်ဖြစ်ပေါ့ကွ၊ မင်းနဲ့ဘာဆိုင်လဲ"

အားလုံးက ကျွန်တော့်ထက်စာရင် ဂါလီဗားကို ပိုပြီးစိတ်ဝင်စားကြပါတယ်။ သူကလည်း ထွားတာကိုး ...

"ဟာ ကြည့်စမ်း နည်းတာကြီးမဟုတ်ဘူး"

"အေးနော် ဟုတ်ပါရဲ့"

"လူ့ဘီလူးဆိုတာ အဲဒါမျိုးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ကိုယ့်သမီးကိုယ် အိမ်ထဲ ဖွက်ထားရမှာပဲ"

"ဒါကြီးကို ဘယ်ကောင်သယ်လာတာလဲကွ၊ ဟိုကောင်လား"

ကျွန်တော့်ကို စားတော့ဝါးတော့မလို ဝိုင်းကြည့်ကြပါတယ်။

"ဟိုလေ... ကျွန်တော်တို့တွေ ပင်လယ်ထဲမှာ သင်္ဘောပျက်ပြီး အဟဲ... ဟဲ"

"တော် ဘာမှအပိုတွေ ပြောမနေနဲ့၊ မင်း ခေါ်လာတဲ့ဟာကြီးကို မင်းဟာမင်း ပြန်သွားထား"

"ဟာ... အဲဒီလိုတော့ မလုပ်နဲ့လေဗျာ"

"မရဘူးဟေ့ကောင် သွားပြန်ပို့"

"အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ ခုချိန်မှာ သူလည်း ဒုက္ခသည်ပါ"

ကျွန်တော့်စကားကြောင့် ငိုင်တွေသွားကြတယ်။ ကိုယ်ချင်းစာစိတ် အပြည့်ရှိတဲ့ မြန်မာလူမျိုးတွေရဲ့ သဘာဝဟာ ဘွားဘွားကြီး ပေါ်လာတယ်။

"အေး ဟုတ်သားပဲကွာ၊ သူ့ကိုလည်း ဖေးမကူညီရမှာပေါ့၊ လော လောဆယ်တော့ သူ့ကို ဘောင်းဘီအကြီးကြီးတစ်ထည် ချုပ်ပေးမှဖြစ်မယ်၊ ဒါမှမဟုတ်လည်း မုဆိုးအကြီးကြီးတစ်ထည်ပေါ့"

"ဟုတ်တယ်... ဟုတ်တယ်"

အဲဒီလို အလျှင်အမြန်ထောက်ခံသူက 'ဂါလီဗား'ကြီးပဲပေါ့။ ပြီး လည်းပြီးရော ကျွန်တော့်ကို လေပျော့လေးနဲ့ ပြောလာတယ်။

"လုံကွတ်တီလောက်ဆိုရင်လည်း ရပါတယ်ကွာ"

"ခင်ဗျား ရှိုးမပဲ့ဘူးလား"

"ဒီဘဝတော့ ရှိပါစေတော့ကွာ"

သူ့အတွက် အလျှင်အမြန် အိပ်ရာခင်းအကြီးကြီးတစ်ခုကို ယူရတယ်။


www.burmeseclassic.com

www.burmeseclassic.com


သူ့အရှက်လုံအောင် အဝတ်အစားပေါ့။ သူ ခဏတော့ စိတ်သက်သာရော ရသွားပါတယ်။ ခက်တာက သူ့ကိုယ် ဘယ်လိုလုပ်ရမှန်းမသိတဲ့ကိစ္စပါပဲ။ ပင်လယ်ခရီးတောက်လျှောက် ကျွန်တော့်ကို ဗိုလ်ကျလာတဲ့ ဂါလီဗားဟာ ခုတော့ ကျွန်တော့်ကို အားကိုးတကြီး ကြည့်လို့ပါ။


www.burmeseclassic.com

www.burmeseclassic.com


"ကိုင်း ဂါလီဗား လာ သွားကြမယ်"

"ဘယ်သွားမှာလဲ"

"ခင်ဗျားကို ညှော်စာရင်းသွားတိုင်ရမယ်"

အမှောင်ပျို့ပျို့ ဖြစ်နေပြီမို့လို့ ရပ်ကွက်ရုံးကလည်း ဖွင့်နေပါပြီ။ ကျွန်တော်က စာရေးကို ပြောပြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

"ညည့်စာရင်းတိုင်မလို့ဗျာ၊ လာရတာမလွယ်လို့ တစ်ခါတည်းနဲ့ ပြီးသွားချင်တယ်"

"ဒါကတော့ ကိုယ့်လူစောင့်လေ အလှည့်ကျရင် ရမှာပေါ့"

ပြီးတော့မှ သူ့အပေါ် အရိပ်ကြီးကျလာလို့ မော့ကြည့်ပြီး–

"ဟ… သောက်ပလုတ်တုတ်"

တဆက်တည်းမှာ ဆက်ပြောပါတယ်။

"ဘယ်… ဘယ်က သတ္တဝါကြီးလဲ၊ ပြန်… ပြန်ခေါ်သွားလေ"


"ညည့်စာရင်းတိုင်မှာက သူပဲ"

စာရေးက ကျွန်တော့်ကို မျက်လုံးပြူးကြီးနဲ့ ကြည့်တယ်။

"ပေး… ပေးတယ်… ပေးတယ် နော်၊ စာရွက်ကို ပြီးမှလာယူ၊ ခု ဒီသတ္တဝါကြီးကို ခေါ်သွားပါ၊ မြန်မြန်"

ရပ်ကွက်ရုံးက မပြီးသေးတဲ့ ဓမ္မာရုံတစ်ခုမှာ ယာယီလုပ်ထားရတယ်။ အဲဒါကြောင့် ဂါလီဗား ဝင်လို့ရတာ၊ နို့မို့ဆို ဘယ်လွယ်လိမ့်မလဲ။ အဲဒီအချိန်မှာပဲ ဟိုပြေးဒီလွှားနဲ့ ဂါလီဗား ရှောင်ကျဉ်နေကြသူများ ရှိပါတယ်။ သူတို့လက်ထဲက စာရွက်စာတမ်းတွေနဲ့ ဘာမှ လုပ်လို့မရတဲ့အတွက် အန္တရာယ်တစ်ခုကို ဒီအတိုင်း ကြောက်ခမန်းလိလိ ရင်ဆိုင်နေရပါတယ်။ အဲဒါက ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးပါ။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌက အော်တယ်။

"ဘယ့်နှယ်ဟာကြီးလဲ မောင်းထုတ်ပေးကြပါဦး"

ဂါလီဗားက သူ့တို့ကို ပူးပူးဝဲဝဲ ကြည့်တယ်။ အတွင်းရေးမှူးက သူ့လိပ်ပြာကို သူထိမ်းပြီး–

"ခင်... ခင်... ခင်... ခင်ဗျား ဒီကို ဘာလာလုပ်တာလဲ"

ဂါလီဗား အသံကြီးက မိုးခြိမ်းသံကြီးလိုပဲ။

"ကျုပ်... ဧည့်စာရင်း တိုင်မလို့"

"ပေး... ပေး... ပေး... ပေးပါ့မယ်၊ ဘယ်အရပ်က လာတာလဲ"

"အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ စိတ်ကူးယဉ်စာအုပ် တစ်အုပ်ထဲကပေါ့"

"ဩော်... ဟုတ်... ဟုတ်... ဟုတ်... ဟုတ်ပါပြီ"

"ဘယ်လိုကြောင့်များ ဒီနိုင်ငံထဲကို ရောက်လာပါသလဲခင်ဗျာ"

"ရပါတယ် ခေတ်ကောင်းရင် သူတောင်းစား မရှိဘူးတဲ့ ဟဲ... ဟဲ... ဟဲ... ဟဲ"

○


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(လေး)

"ခင်ဗျားကလည်း ဘာမှလဲ မဆိုင်ပါလား"

"ဆိုင်မလားလို့ ဒိုင်ယာလော့ ကောင်းကောင်း ပြောကြည့်တာ ဟဲဟဲဟဲ"

ဂါလီဗားကို လာကြည့်တဲ့သူတွေက များသထက်များလာပါတယ်။ ကြောက်တတ်မယ်ဆိုရင် ကြောက်စရာပါပဲ။ ဒါပေမယ့် ဂါလီဗားက မကြောက်ပါဘူး။ သူ့အနားကိုလည်း ဘယ်သူမှ သိပ်မကပ်ရဲဘူး။ ဂါလီဗားက ကျွန်တော့်ကို လှည့်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် ငါ ဘယ်လိုဆက်လုပ်ရမလဲ"

"ကျွန်တော်တို့ မြန်မာသီချင်းထဲမှာတော့ ဆိုလို့ကလို့ကောင်းတဲ့ သီချင်းလေးရှိတယ် ဆိုကြည့် ကကြည့်ပါလား"

"ဟာ ငါမှမရတာ"

အဲဒီအချိန်မှာ ဂါလီဗားကြီးက ဆော့နေတယ်။

"ခင်ဗျား ဘာလုပ်နေတာလဲ"

"ဒီအစေ့က ခုန်တယ်ကွ"

"ဟာ... ခုန်မှာပေါ့၊ ဘောလုံးကြီးပဲဟာ"


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


သူ့ကိုထိမ်းရတာ မျောက်ဝံတစ်ကောင်ကို ထိန်းရတာနဲ့ မကွာဘူး ဆိုတာကို ကျွန်တော် သိလိုက်ရပြီလေ။

ကျွန်တော်က ဘောလုံးကြီးကို ကန်ထုတ်လိုက်တယ်။ နံရံနဲ့ထိပြီး ဘောလုံးက ပြန်ကန်ထွက်လာတယ်။ အဲဒီမှာ ဂါလီဗားရဲ့အစွမ်းကို တွေ့ရပါတော့တယ်။

"အလာကြီးပါလား"

ပြောပြီး ကန်ထုတ်လိုက်တာ အုတ်နံရံကို ပြိုကျသွားတော့တာပဲ။ အနားမှာရှိတဲ့ အကုန်လုံး အုတ်အုတ်ပျာပျာ ဖြစ်သွားတယ်။ အတွင်းရေးမှူးက ကျွန်တော့်ကို အပြစ်ဆိုတယ်။

"ဟော့ကောင်... ဟော့ကောင်၊ မင်းဟာကြီးကို ခေါ်သွားစမ်းပါဆို"

"ဟ... သူမှ မသွားချင်တဲ့ဟာကို"

တဆက်တည်း–

"ဂါလီဗား ခင်ဗျား ပြန်မလား"

"ရောက်တုန်းတော့ ပျော်အောင်နေဦးမယ်ကွာ"

ကဲကြည့်။ လူတကာ စိတ်ညစ်ရတဲ့ အဆုံးအဖြတ်ပါ။

"ငါတို့ ဝိုင်းသယ်ပြီး ရေထဲပြန်ပစ်ချလိုက်မှာနော်"

ဂါလီဗားကြီး စိတ်ဆိုးသွားပါတယ်။

"ကျုပ်က ဘာဖြစ်နေလို့လဲ၊ နွားရူးနေလို့လား၊ ဘာရောဂါပိုးမှ ရှိသည်း မရှိဘူးသိလား"

"မင်းကို ဘယ်သူမှ ကျွေးမထားနိုင်ဘူးကွ"


www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ဟာကျုပ် ရှာစားတတ်တယ်ဗျ"

"မင်းကတော့ ခက်ပြီ"

ပြောရင်းဆိုရင်း ဂါလီဗားက ဖရဲသီးတစ်လုံးကို ဇီးသီးစားသလို တဂျွမ်းဂျွမ်း ကိုက်ဝါးနေတော့တယ်။ ရပ်ကွက်လူကြီးက ကျွန်တော့်ကို အကူအညီတောင်းသလိုကြည့်တယ်။ ကျွန်တော်က ဘာမှမတတ်ဘူးဆိုတဲ့ သဘောနဲ့ ပခုံးတွန့်ပြီး လက်ဝါးဖက်နှစ် ဖြန့်ပြလိုက်တယ်။

ရပ်ကွက်လူကြီးက ရေရေလည်လည် ဒေါကန်တယ်။

"မင်းကိုပါ ငါ လုပ်လိုက်ရရင်တော့ကွာ"

ကျွန်တော် ခေါင်းပုပြီး ငြိမ်နေရတယ်။ ရေထဲက ဘီလူးကြီးထွက်လာတဲ့ သတင်းနဲ့အတူ ဆိပ်ကမ်းမှာလည်း ဂါလီဗားကို လာကြည့်ကြတဲ့လူတွေ ပြည့်လို့။ ဂါလီဗား အနားကိုလည်း ဘယ်သူမှ မကပ်ရဲဘူး။ ကျွန်တော် တစ်ယောက်က လွဲရင်ပေါ့။ ဂါလီဗားက လက်ဖက်ရည်ဆိုင်က ရေတိုင်ကီကို မော့သောက်တယ်။ ကျွန်တော့်မှာလည်း ဘေးကြပ်နံကြပ် လူအုပ်ကို လည်း ပြောမရ။ ဂါလီဗားကိုလည်း ထိန်းမရ။

"ဂါလီဗား ခင်ဗျား ငြိမ်ငြိမ်ထိုင်နေစမ်းဗျာ"

"မင်းကလား ငါ့ကိုဟောက်တာ"

"ဟောက်သင့်ရင် ဟောက်ရမှာပဲ၊ ခင်ဗျား ငြိမ်ငြိမ်မနေရင် ခင်ဗျား ရောကျွန်တော်ရော ဒီနေရာမှာ အလောင်းတွေ ဖြစ်ကုန်ကြလိမ့်မယ်"

"ဘယ်သူက ငါတို့ကိုသတ်မှာလဲ"

"ဒီလူအုပ်ကြီးကပဲ သတ်မှာပေါ့"


www.burmeseclassic.com

"ထွမ်… သွားစမ်းပါ၊ ပုရွက်ဆိတ်တွေ ဝိုင်းကိုက်လို့ သေတဲ့လူ မရှိဘူးကွ"

"ခင်ဗျားကတော့ တော်တော်ခက်နေပါပြီ၊ ဖုန်းဆက်ခေါ်ထားတယ်၊ တော်ကြာနေ လက်နက်တွေ လာတော့မယ်"

"အဲဒါဆိုလည်း ပြေပြေလည်လည် ဖြေရှင်းကြတာပေါ့"

"ခင်ဗျား ဒီလို ဟန်ရေးပြနေလို့ ပြေလည်မှာမဟုတ်ဘူး"

"အေးပါကွာ၊ အဲဒါဆို ငြိမ်ငြိမ်ထိုင်နေပါ့မယ်"

ဂါလီဗားကြီးက မြေကြီးပေါ် ထိုင်ချလိုက်တယ်။ ဘေးလူတွေကလည်း ရှုံ့ကနဲ အုပ်စုကွဲသွားတယ်။

"တွတ်တီ… တွတ်တီ… တီတီ"

လူအုပ်ကြားထဲက ကလေးတစ်ယောက်ကို ဂါလီဗားကြီးက ချော့မြူဆော့ကစားတာပါ။

"အမလေး…"

ကလေးအမေက ကလေးလက်ကိုဆွဲပြီး တချိုးတည်း ပြေးပါရော။ ဂါလီဗားကြီးက တဟားဟားရယ်တယ်။ ဂါလီဗားရဲ့ ရယ်သံကြောင့် သစ်ပင်တွေတောင် ယိမ်းယိုင်သွားတယ်။ ရယ်သံအဆုံးမှာ ဂါလီဗားက–

"ခင်ဗျားတို့ကို ကျုပ် ကင်းမှီးကောက် ထောင်ပြရမလား"

ဘယ်သူကမှ ဘာမှမတုန့်ပြန်ကြပါဘူး။

"ကောင်းပြီ၊ ဒါဆိုရင်လည်း ဒရမ်ခေါက်ပြမယ်"

သံစည်ပိုင်းတွေကို ရေသွန် စီချလိုက်ပြီး စောင်တွေအထပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

ထပ်ပြီး 4" x 2" တုတ်နဲ့ ဒရမ်တီးပါတော့တယ်။ တီးသံကို ဘယ်သူမှ နားမခံသာပါ။ ကျွန်တော်ကတော့ ခြင်းချက်ပေါ့။ ကျွန်တော်ကတော့ ဂါလီဗားကြီး အသံနဲ့လည်း ရင်းနှီးနေပြီး သူပေးတဲ့ ဒုက္ခတွေနဲ့လည်း ရင်းနှီးနေခဲ့ပြီ။ မကြားချင်ယောင်ဆောင်နည်း မမြင်ချင်ယောင်ဆောင်နည်း တွေလည်း တတ်ထားပြီးပြီ။ ခက်တာက သာမန်ပြည်သူတွေပါ။ ဂါလီဗား ကြီးရဲ့ ဒရမ်လက်ခတ်သံကို မခံနိုင်ကြပါဘူး။ (အဲဒါများ ကိုယ့်အိမ်တို ပြန်ကြတာမဟုတ်ဘူး။ ပေကပ်ပြီး ဒီနားလာနေ နေသေးတယ်) ဂါလီဗား ကတော့ တစထက်တစ ပွဲကြမ်းလာပါသည်။ သူ့လေချွန်သံနှင့်ဒရမ်ရိုက် ချက်ကလည်း စည်းဝါးညီပါသည်။ လူတွေကိုလည်း သူကပြောတယ်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ကျုပ် လဲ့ပေးမယ်၊ ကျုပ်ရဲ့ဗိုက်ကို ဒရမ်တီးကြပါ"

ပထမတော့ ဘယ်သူကမှ တက်မတီးရဲဘူး။ နောက်မှ **ငမူးတစ်**ယောက်က တက်တီးတယ်။ ဒါပေမဲ့ သူ ဒရမ်စတစ်က မကောင်းဘူး။ ဂါလီဗားရဲ့ဗိုက်ကို တစ်ချက်နှစ်ချက်ပဲ ရိုက်ရသေးတယ် ကြိုးသွားတယ်။ အဲဒီမှာ သူ လွှားခနဲ ခုန်ဆင်းသွားတယ်။ တပြိုင်နက်တည်းဆိုသလို နောက်ထပ်လူတစ်ယောက် လွှားခနဲတက်လာပြန်တယ်။ သူကတော့ (4" x 2") တုတ်နဲ့ဆိုတော့ နည်းနည်း အသံထွက်တယ်။ နောက်တော့လည်း လူတွေ ရဲတင်းလာပြီး ဂါလီနားရဲ့ ဝမ်းဗိုက်ပေါ်မှာ ပျော်ပျော်ရွှင်ရွှင် တက်ရောက်ကခုန်နေကြတယ်။ ဂါလီဗားကလည်း ပျော်လာပြီး အသံဝါကြီးနဲ့ သီချင်းအော်ဆိုတယ်။ တစ်မြို့လုံးကို ဆူညံနေတော့တာပါပဲ။ မကြာမီပါပဲ။

"ဟော့… ရပ်ကြစမ်း"

အသံနဲ့အတူ တာဝန်ရှိသူတွေ ရောက်လာပါတော့တယ်။

○


www.burmeseclassic.com

# အခန်း(ငါး)

ခဏတော့ အားလုံးတိတ်ဆိတ်သွားကြတယ်။ ဂါလီဗားက အိပ်နေရာမှထပြီး–

"ဟော့... ဒီလိုနေတော့ ဘာဖြစ်လို့လဲ"

"ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်တာ"

"အနှောင့်အယှက် ဟုတ်လား၊ အနှောင့်အယှက်ဆိုတာ ဘာလဲ"

"လူဆိုး၊ လူထွားကြီး ဂါလီဗား ခင်ဗျား အနှောင့်အယှက်ဆိုတဲ့စကားကိုတောင် မကြားဖူးဘူးလား"

ကျွန်တော်က ဝင်ပြောလိုက်တယ်။

"ခင်ဗျားကြောင့် သူတို့ ကောင်းကောင်းမနေရဘူးဗျာ၊ အဲဒါ ခင်ဗျားက သူတို့ကို အနှောင့်အယှက်ပေးတာပေါ့"

"ဟော... ဒါဖြင့် ငါက ဘယ်လိုနေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ငြိမ်ငြိမ်သာနေဗျာ၊ တာဝန်ရှိသူတွေက ခင်ဗျားကို **စိစဉ်ပေးလိမ့်မယ်**"

"ဘယ်လို ကြည့်စီမံကြမှာလဲ"

အဲဒီ ဂါလီဗားက ကျွန်တော့်ကို တဆက်တည်း လှမ်းမှာတယ်။

"ဟော့ကောင် ငါ့ကို အိမ်ထောင်ချပေးဖို့တော့ မစီစဉ်နဲ့နော်၊ ငါ မိန်းမ မယူဘူး"

"ဝေးသေး၊ ကျွန်တော်တို့မြို့က ကောင်မလေးတွေကလည်း ခင်ဗျားကို ကြိုက်မှာမဟုတ်ဘူး"

"မင်းက ငါ့ကို လျှော့တွက်တာကိုး"

"အင်း ထားပါ၊ ထားပါ၊ တာဝန်ရှိသူတွေနဲ့ စကားပြောရင် ကောင်းကောင်းမွန်မွန်ပြော"

"အေးပါ"

တာဝန်ရှိသူတွေက 'ဂါလီဗား'ကြီးအနားကို မဝံ့မရဲကပ်သွားတယ်။ ပြီး ဂါလီဗားကို စေ့စေ့အကဲခတ်တယ်။ ဂါလီဗားကလည်း မကြောက်ဘူး။ ခပ်တည်တည်ပဲ။ ညောင်းလို့ထင်ပါရဲ့။ သူ့ခန္ဓာကိုယ် တစ်ကိုယ်လုံးကို ဆန့်လှဲနေရာကနေ ဆန့်ဆန့်ပြန်ထိုင်ပြီး မိုးခြိမ်းသံကြီးနဲ့မေးတယ်။ ငါ့ကို ဘယ်သူက တာဝန်ယူစစ်ဆေးကြမှာလဲ။ တာဝန်ရှိသူတွေ အကြပ်ရိုက်သွားတယ်။ တစ်ယောက်ကပြောတယ်။

"ဟာ... ခုမှသတိရတယ်၊ ဟိုဘက်ကင်းကို ကျွန်တော် သွားစစ်ရဦးမယ်၊ ခင်ဗျားတို့ ကြည့်စီစဉ်လိုက်ကြဗျာနော်"

"အေးဗျ ကျုပ်လည်းမရဘူး၊ ကျုပ်လည်း ရုံးပြန်ပြီး အ[?]ရင်ခံရဦးမယ်"

www.burmeseclassic.com

"ဒီကိစ္စကြီးကိုရော"

အဲဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြတယ်။ နှစ်ယောက်တည်း ကျန်ခဲ့တော့တယ်။ အဲဒီလူနှစ်ယောက်က ရည်မွန်ပြီး သတ္တိရှိပုံရတယ်။ ကျွန်တော်နဲ့လည်း ရင်းနှီးပါတယ်။ ဦးကောင်းနဲ့ ဦးချို ပါ။ ဦးကောင်းက မြေကြီးပေါ်မှာ စာရေးပြတယ်။ (ခင်ဗျား စာတတ်သလား) ဂါလီဗားက အူကြောင်ကြောင် ဖြစ်သွားတယ်။ ရောမတုတ်ကြီးကိုဆွဲယူပြီး မြေကြီးပေါ်မှာ ပြန်ရေးပြတယ်။ တစ်လုံးတည်း။

"တတ်"

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ဂါလီဗား"

"ဘယ်လိုဖြစ်လို့ ဒီကိုရောက်လာတာလဲ"

"ပင်လယ်လှိုင်းမိပြီး ပါလာတာ"

ထို့နောက် ဂါလီဗားက လူအုပ်ထဲရောက်နေသော ကျွန်တော့်ကို ပခုံးမှဆွဲမယူကာ ခေါ်သွား၏။ ပြီး သူ့ရှေ့မှာ မားမားရပ်ခိုင်းပြီး သူတို့ မေးတာတွေကို ဖြေလိုက်ဟု ကျွန်တော့်ကို အမူအရာဖြင့် မေးဆတ်ပြတယ်။ ဦးကောင်းနဲ့ ဦးချိုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းချတယ်။ နောက်မှ ဦးချိုက ကျွန်တော့်ကို–

"ကဲ ဒီကောင်ကြီးကို မင်း ဘယ်လိုလုပ်မလဲ"

"ကျွန်တော်လည်း မပြောတတ်ဘူး"

"ရေစီးကြောင်းက ဒီဘက်မျောလာလို့ ဒီရောက်လာတာပဲ"

"သူ့ကို ထိန်းချုပ်နိုင်တဲ့နည်း မင်းမှာရှိလား"

"ဟာ... သူနဲ့ကျွန်တော် သိတာမှ မကြာသေးဘူး၊ လှိုင်းမိနေတာနဲ့

www.burmeseclassic.com

စကားတောင် ကောင်းကောင်းမပြောဖြစ်ဘူး” အဲဒီအချိန်မှာ ဂါလီဗားက ဝင်ပြောတယ်။

“ဒီဖွတ်ကြားက ဘယ်လိုလုပ် ကျုပ်ကို တာဝန်ယူမှာလဲ”

ကျွန်တော်ကလည်း ဘယ်ခံမှာလဲ။ နည်းနည်းလေးထိတာနဲ့ ပြန်ခွတ်တာ–

“ခင်ဗျား အဲဒီလိုမှ ပြောပါ့မလားလို့ ပူလိုက်ရတာ၊ ခုလိုပြောပေးလို့ ကျေးဇူးတင်ပါတယ်ဗျာ”

တာဝန်ရှိလူကြီးက ဝင်ပြောတယ်။

“ဟော့… ဟော့၊ မင်းတို့ချင်း အကွဲအပြဲ မဖြစ်ကြနဲ့ဦး”

“ဒါဖြစ်ရင် ဒီ… ဒီသတ္တဝါကြီးကို ဘယ်… ဘယ်သူက လက်ခံမှာလဲ”

ဦးကောင်းက တောင်ဝှေးကို ဆောင့်ချလိုက်ရင်း–

“အဲဒါကိုပဲ ပြောနေတာပဲကွာ”

ဂါလီဗားက မျက်နှာငယ်လေးနဲ့–

“ကျွန်တော့်အလုပ်က ဘာအလုပ်မှမလုပ်ဘဲ သူတို့ရှေ့မှာ ကိုးရိုးကားယား ဖြစ်နေရပါသလားဗျာ”

ပြီး– “ဟော့ကောင် ရွှေပြည် မင်းနဲ့ငါနဲ့ ပင်လယ်ထဲကို ပြန်သွားကြရအောင်ကွာ”

“ဟာ… မသွားပါဘူးဗျာ၊ ဘာကိစ္စ သွားရမှာလဲ”

“ဒီမှာ နေလို့မှမကောင်းတာကွ”

“ကျွန်တော့်အတွက်တော့ နေလို့ကောင်းပါတယ်ဗျ၊ မိဘတွေရဲ့ လက်ငုတ်လက်ရင်းနေရာပဲ”


www.burmeseclassic.com

"ငါနဲ့ အဆင်မပြေဘူးကွ"

"နောက်တော့ ပြေသွားမှာပေါ့ဗျာ"

ဂါလီဗားကြီးက စိတ်ပျက်လက်ပျက် ထိုင်တယ်။ မျက်မှောင်ကြီးကြုတ်ပြီး တစ်ခုခုကို စဉ်းစားနေဟန်ရတယ်။

"ဒီကောင်ကြီးကို ဘယ်သူ ကျွေးမှာလဲ"

ဂါလီဗားက ရှက်သွားတယ်။

"မင်းတို့ကျွေးမှ မဟုတ်ဘူးကွ၊ ငါ့ဟာငါ ရှာစားနိုင်တယ်"

"မင်း ခုနကလို သူများဈေးဗန်းထဲက ဖရဲသီးကို ကောက်စားတာမျိုး၊ သူများတိုင်ကီထဲကရေကို မော့သောက်တာမျိုး တို့ လက်မခံနိုင်ဘူးကွ"

"ဒါဖြင့်လည်း ကျုပ်လုပ်အားခနဲ့ကျုပ် ရှာစားမှာပေါ့"

ထိုအခိုက် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

○



www.burmeseclassic.com

www.burmeseclassic.com




# အခန်း(ခြောက်)

"ခေါင်းဆောင်ကြီးလာပြီ"

ခေါင်းဆောင်ကြီးက သူ့မိဖုရားကို ခေါ်လာပြီး ခြွေရံသင်းပင်းတွေနဲ့ ရောက်လာတာပါ။ ဂါလီဗားကိုတွေ့တော့ အံ့သြတုန်လှုပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


"ဒါ... ဒါ... ဘယ့်နှာကြီးလဲ"

တစ်ယောက်က ဝင်လျှောက်တယ်။

"ပင်လယ်ကမ်းစပ်ကနေ လာတင်နေတာ"

"လူပဲလား"

"ဟုတ်ကဲ့ လူပါပဲ"

"ဒါဖြင့်လည်း သူ့ကို လမ်းစရိတ်လေး ဘာလေးပေးပြီး ပြန်လွှတ်လိုက်၊ သူ့အိမ်သူရောက်အောင် ပြန်ပါစေ"

"အဲလိုလဲ မရဘူး ခေါင်းဆောင်ကြီး၊ ဒီမှာပဲ ပျော်သလောက်နေဦးမယ်တဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ခက်တော့တာပဲ"

နောက် ဂါလီဗားကို စူးစူးကြည့်ပြီး–

"မင်းနာမည် ဘယ်သူလဲ"

"ဂါလီဗားပါလို့ ဖြေရပေါင်းများပြီ"

"ဒီမှာနေချင်လို့ ဟုတ်လား"

"မဟုတ်ဘူး၊ ပျော်သလောက်လေးပါ"

"တို့က လက်မခံဘူးဆိုရင်"

"ဟင့်အင်း မရဘူး"

"ဘာ မရတာလဲ"

"လက်မခံလည်း နေမှာပဲ"

ခေါင်းဆောင်ကြီး ခေါင်းကုတ်သွားတယ်။ ခက်တာကတော့အဟုတ်ကို ခက်နေပါပြီ။

ပြီး ဂါလီဗားကို ထပ်မေးတယ်။

"ခင်ဗျားတစ်ယောက်တည်းလား၊ အဖော်ပါသေးလား"

"ကျုပ်တစ်ယောက်တည်းပဲ၊ ဒါပေမယ့် ဟိုကောင်လေးနဲ့ အတူရောက်လာတာ"

"ဘယ်သူ့ကို ပြောတာလဲ"

"ရွှေပြည်ကို ပြောတာ"

ခေါင်းဆောင်ကြီးရဲ့ စူးရှတဲ့အကြည့် ကျွန်တော့်ဆီ ရောက်လာတယ်။ ကျွန်တော် ကပြာကယာ ရှင်းပြရတယ်။

"သင်္ဘောတစ်စီးထဲမှာ ပါလာကြသူတွေပါ၊ သင်္ဘောမှောက်လို့ ရေစီးအတိုင်း မျောပါလာရင်း..."



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့နှစ်ယောက်တည်း ရှင်လာတာ ဟုတ်ရဲ့လား"

"သေချာသလောက် ရှိပါတယ်"

ပြီး ကျွန်တော့်ကို တဆက်တည်း-

"ရွှေပြည် ဒီသတ္တဝါကြီးကို မင်း တာဝန်ယူလိုက်"

"ဟာ… သူ့ကို ကျွန်တော် ဘယ်လိုလုပ် ရှာကျွေးနိုင်မှာလဲ၊ ကုန်ဈေးနှုန်းက ကြီးကကြီးနဲ့"

"တော်… တိတ် အဲဒီအတွက် ငါပေးမယ်"

"ပြီးတော့ ခေါင်းဆောင်ကြီးက လူတွေဝိုင်းမလာအောင် ကြည့်လုပ်ပေး"

"မင်းက ဂျစ်ပစီပဲ အိမ်မှမရှိတာ"

"အဲဒါပြောတာပေါ့၊ ဂါလီဗားကြီးကို ကျွန်တော် လမ်းမှာပဲထားမှာပါ၊ သူ့အရပ်အမောင်းကြီးကလည်း ဘယ်အိမ်နဲ့မှ ဆန့်မှာမဟုတ်ဘူး"

"ကောင်းပြီလေ။ မင်းဘာသာ ကြည့်စီစဉ်လို့ ငါ ပြောပြီးပြီ"

ကျွန်တော်က ဘေးဘီ ပရိသတ်ကြီးကို လှည့်ပတ်ပြီး ပြောရတယ်။

"ဂါလီဗားကြီးကို ဒီမှာထားမယ် သဘောတူကြပါသလားခင်ဗျာ"

အစကတော့ အားလုံးငြိမ်သွားတယ်။ နောက်မှ အသံတစ်သံထွက်လာတယ်။

"ယာယီအားဖြင့် သဘောတူပါတယ်၊ စမ်းသပ်တဲ့သဘောနဲ့ လက်ခံပါတယ်၊ တာဝန်ယူမဲ့သူရှိရင် လက်ခံပါတယ်"

အသံတွေ အလျှိုလျှို ထွက်လာပြီး-

"ဟား… ဟား… ဟား… ဟား…"

ဂါလီဗားရဲ့ ရယ်သံကြီးက အကုန်လုံး လန့်သွားတယ်။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်ကို ကြိုဆိုကြတဲ့ မိတ်ဆွေအပေါင်းကို ကျွန်တော် နှုတ်ဆက်ပါတယ်"

ပြောပြီး မြေကြီးပေါ် ပက်လက်လှဲအိပ်ချလိုက်တယ်။ (သူက စကား ပြောရင်တော့ အသံတိုးတိုး ပြောတတ်တယ်၊ လူခံနိုင်ရုံပေါ့)

"ကျုပ် ဒရမ်တီးပြမယ်"

သူ့ရင်ဘတ်ကို သူ့လက်ချောင်းတွေနဲ့ တီးပြတယ်။ သူ ဒရမ်တီးသံ က တော်တော်ကို မြူးကြွသာယာလှတယ်။ နားထောင်နေသူတွေဟာ သူ့ တေးသွားနဲ့အတူ ယိမ်းနွဲ့ကခုန်လာကြတယ်။ ဂါလီဗားရဲ့ တေးသွားက ကြာလေမြိုင်လေ။ သူတို့တတွေရဲ့ ကကြိုးကလည်း ကြာလေမြိုင်လေပါပဲ။ သူတို့ဟာ မြေပေါ်မှာ ပက်လက်လှန်ပြီး ဒရမ်တီးနေတဲ့ ဂါလီဗားကြီးကို လှည့်ပတ်ကခုန်နေကြတယ်။

အပျော်လွန်တဲ့ ခေါင်းဆောင်ကြီးရဲ့ သမီးငယ်က ဂါလီဗားရဲ့ ဗိုက်ပေါ်ကို ဖက်တက်ပြီး ကတယ်။ သူကတာလည်း လှပါတယ်။ လိပ်ပြာ ကလေးတစ်ကောင်လိုပဲ။ သူတို့ အော်ဟစ်ကခုန်နေကြပုံဟာ မြိုင်ဆိုင်လွန်း လို့ ကြည့်ရသူအပေါင်း ပျော်စရာပါပဲ။


www.burmeseclassic.com

www.burmeseclassic.com


ခေါင်းဆောင်ကြီးက ကျွန်တော့်ကို လှမ်းခေါ်တယ်။

"ရွှေပြည်"

"ဗျာ ခေါင်းဆောင်ကြီး"

"မင်းကတော့ ဘာလို့ လိုက်မကတာလဲ"

"ကျွန်တော်က သင်္ဘောပေါ်မှာထဲက အဲဒီတေးသွားကို ကြားဖူးပြီး သားဗျ"

သူ လေတိုးတိုးချွန်ပြတယ်။ နောက်ပြီး ကျွန်တော့်ကို သူက နားရွက်ကို လက်ညှိုးထိုးပြတယ်။

"နားထဲမှာ ပွမ်းစတွေ တွေ့လား၊ အေး... အေး၊ သမီးတို့ကို ပြောလိုက်ကွာ၊ ငါ ပြန်နှင့်ပြီလို့"

"ဟင်... ဘယ်လိုဖြစ်တာတုန်း"

"သူ့တေးသွားသံကို မခံနိုင်ဘူးကွ၊ နောက်မို့ ငါပါလိုက်ကနေမိ မှာစိုးတယ်"

"ဒါဖြင့်လည်း သဘောပဲလေ၊ ဒါနဲ့ အခြွေအရံတွေ ဘယ်ရောက် နေလဲ"

"ဟိုမှာလေ ဝင်ကနေကြတယ်"

"ဟီး... ဟီး... ဟီး... ဟီး၊ ဒါဖြင့်လည်း ပြန်ပါ၊ အစ်မကြီးရဲ့ အစ်မငယ်ကို ကျွန်တော် ပြောပြလိုက်ပါမယ်"

ပြီး ကျွန်တော်လည်း တေးသံရှင်ကြီး ဂါလီဗားဆီ သွားရတယ်။

ဂါလီဗားက သူ့အရှိန်နဲ့သူ ဂီတဝိညာဉ်တွေ ပြန့်ဖျာထွက်နေတယ် သူလည်းပင်းကို မညာမတာညှစ်ပြီး အသိဝင်အောင် ပြန်နိုးပါတယ် မရပါဘူး။ အဲဒါနဲ့ ဂါလီဗားကို အကြပ်ကိုင်ရတော့တယ်။ လမ်းဘေးသား


www.burmeseclassic.com

www.burmeseclassic.com

ရှက်တွေထဲက တချို့ကို ခူးယူပြီး နားဖာကလော်လို ပုံစံလုပ်ရပါတယ်။ ဂါလီဗား ဘယ်ခံနိုင်မလဲ။

"ဟား... ဟား... ဟား... ဟီး... ဟီး... ဟိုး... ဟိုး... ဟိုး ခစ်... ခစ်"

ကနေတဲ့လူတွေလည်း ကြောင်တောင်တောင်နဲ့ တိုးလို့တန်းလန်း ဖြစ်ကုန်ကြတယ်။ ဂါလီဗားက ကျွန်တော့်ကို ဘုကြည့်ကြည့်ပါတယ်။

"အိပ်ရမယ့်နေရာကို သွားရတော့မယ်ဗျ"

"ဒီက ပရိသတ်တွေက ဘယ်လိုလုပ်မလဲ"

"ဒါက လွယ်ပါတယ်"

ဘေးဘန်းက လူထုပရိသတ်အားလုံးကို လေးဘက်လေးတန် လက်မြှောက်အလေးပြုပြီး–

"ပရိသတ်အပေါင်းတို့ခင်ဗျား ဧည့်သည်တော်ကြီး ဂါလီဗားရဲ့ တီးမှုတ်ဖျော်ဖြေမှု အစီအစဉ် ပြီးဆုံးသွားပါပြီ၊ နောင်လည်း ဒီမြို့မှာ တွေ့နေကြဦးမှာပါ၊ ကဲ ပျော်ပျော်ပါးပါး လူစုခွဲကြစို့"

o


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(ခုနစ်)

လူစုကွဲသွားသည်။ ဒါတောင် တချို့က ဂါလီဗားကြီးနောက်မှာ ကွက်ကြည့်ကွက်ကြည့်နှင့် လိုက်လာကြသေးတယ်။ ဂါလီဗားက သွက်သွက်လျှောက်လိုက်တယ်။ လိုက်လာသူတွေ မမှီကြတော့ချေ။ ခက်သည်က ကျွန်တော်လည်း လိုက်မမှီတော့ပေ။ အမြင်ကပ်ကပ်ဖြင့် ဆက်မလိုက်ဘဲ ခါးထောက်ကြည့်နေလိုက်တယ်။ ခဏကြာတော့ ဂါလီဗားကြီး သွားရာမှ ရပ်တယ်။ ကျွန်တော့်ကို–

"ဟေ့ကောင် လာလေ"

"ဟောဟဲ... ဟောဟဲ... ခင်ဗျားနောက်လိုက်ရတာ အသက်ထွက်တော့မယ်ဗျ၊ ဟူး..."

"ကဲ... ဒါဖြင့် ငါ အခုလာခေါ်မယ်"


www.burmeseclassic.com

 www.burmeseclassic.com 

လွှားခနဲခုန်ကာ ကျွန်တော့်ဆီ ချက်ချင်းရောက်လာတယ်။ ပြီး ကျွန်တော့်ကို ခါးတစ်ခွင်ချီပြီး ခုန်ပေါက်သွားတယ်။ မနေတတ်လို့ ရုန်းကန်ရင်း ကျွန်တော်လည်း ဂါလီဗားကို မိုးမွှန်အောင် ဆဲမိတော့တယ်။ နောက်လိုက်လာသူတွေကတော့ မြင်တောင်မမြင်ရတော့ဘူး။ သူတို့တွေ သံပြိုင်အော်ဟစ်သံကိုတော့ ကြားရတယ်။ ကျွန်တော် ဂါလီဗားကို အနီးကပ် အော်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

"ဟော့လူ ရပ်လိုက်တော့ ရောက်နေပြီ"

အဲဒီတော့မှ ဂါလီဗားကရပ်ပြီး ကျွန်တော့်ကို ချပေးတယ်။

"ဘယ်မှာလဲ မင်းအိမ်"

"ဒီ ပြန့်ပြူးနေတဲ့ မြေကွက်လပ်ကြီးဟာ ကျွန်တော့်အိမ်ပေါ့"

"မင်း မနောက်ပါနဲ့ကွာ"

"မနောက်ပါဘူး"

"သရဲတွေဘာတွေ လာခြောက်နေရင် ဘယ့်နှယ်လုပ်မလဲ"

"မစိုးရိမ်နဲ့ ကျွန်တော့်ကို လှမ်းခေါ်လိုက်"

ဂါလီဗားကြီး မျက်နှာငယ်နေတာ ဒီတစ်ခါပဲ မြင်ဖူးတော့တယ်

"ဒါဖြင့် ငါက ဒီအတိုင်းကြီး အိပ်ရမှာပေါ့"

ကျွန်တော် ပင့်သက်ရှိုက်မိတယ်။

"ဒီအချိန်ကျမှတော့ ခင်ဗျားအတွက် လိုအပ်တာတွေ ဝယ်ဖို့မလွယ်



www.burmeseclassic.com

www.burmeseclassic.com


တော့ဘူး”

“တတ်နိုင်တာတစ်ခုတော့ လုပ်ပေးပေါ့ကွာ”

“ဟိုမှာ ကျွန်တော်အိပ်နေကျ ရွက်ဖျင်တဲ၊ အကြီးကြီးအကျယ်ကြီးပဲ နှစ်ယောက်လုံး အိပ်လို့တော့ မလောက်ဘူး”

“အဲဒီတော့”

“အဲဒီတော့ အဲဒီရွက်ဖျင်တဲထဲမှာ ခင်ဗျားပဲ ဝင်အိပ်တော့”

ဂါလီဗားက အင်တင်တင် မျက်နှာနဲ့ “ငါနဲ့မတော်ဘူးထင်တယ်”

“တစ်ညတလေတော့ ကွေးကောက်အိပ်ပေါ့ဗျာ၊ နှစ်ယောက်လုံး အိပ်ပျော်မှာပါ”

“မင်းက ဘယ်မှာအိပ်မှာလဲ”

ကျွန်တော်က စောင်တစ်ထည်ကို ဆွဲယူလိုက်ပြီး–

“ဟိုဘက်နားမှာ သွားအိပ်မယ်”

“အေးလေ ဖြစ်လာတဲ့အတိုင်းပဲပေါ့”

ရွက်ဖျင်တဲကြီးထဲဝင်ပြီး သူ ကွေးကောက်အိပ်ပါတယ်။ ကျွန်တော်လည်း ကျွန်တော် အိပ်မယ့်နေရာဆီသွားတယ်။ လေက တဟူးဟူးနဲ့မို့ ချမ်းစိမ့်စိမ့်ပါပဲ။ ထင်တဲ့အတိုင်းပါပဲ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားပါတယ်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်းမှာပဲ [ရှူး… ရှူး… ရှူး… ရှူး]ဆိုတဲ့ ဂါလီဗားရဲ့ နှာမှုတ်သံကြီးကို ကြားရပါတယ်။ အိပ်ပျော်ပြီး နှာမှုတ်တာ မဟုတ်ပါဘူး။ ဒေါသဖြစ်ပြီး နှာမှုတ်နေတာပါ။ ကျွန်တော် လန့်အော်မိလိုက်တယ်။


www.burmeseclassic.com

 www.burmeseclassic.com 

"ဟော့လူ ခင်ဗျား ဘာဖြစ်နေတာလဲ"

"ဒီမှာ ငါ့ကို မမြင်ရတဲ့အကောင်တွေ ကိုက်နေတယ်ကွ"

ခြင်ကိုက်တာနေမှာပေါ့။ ခြင်ကောင်ကို သူ့မျက်လုံးတွေနဲ့ မမြင်ရဘူးလား မသိပါဘူး။

"ဘယ်မှာလဲ မမြင်ရတဲ့အကောင်တွေ"

"ကိုက်ပါတယ်ဆို မင်း မယုံနေကြည့်"

နေကြည့်တဲ့အခါ ဟုတ်တော့ ဟုတ်ပါတယ်။ ခြင်သေးသေးလေးတွေ ဆစ်ခနဲဆစ်ခနဲ ကိုက်တာခံရတယ်။ အံ့သြဖို့ကောင်းတာက ဒီခြင်သေးသေးလေးတွေဟာ ဘာကြောင့် ကျွန်တော့်ဆီမလာဘဲ သူ့ဆီပဲ သွားကြတယ်ဆိုတာပါပဲ။

"ငါ အခုထိ တစ်ရေးမှ မအိပ်ရသေးဘူး၊ ကိုင်း... ရွှေပြည် ဒီတစ်ခါတော့ မင်းအကြံဉာဏ် မယူတော့ဘူး၊ ငါ့အကြံဉာဏ်ကိုပဲ ငါသုံးတော့မယ်"

"ဘယ်လိုလဲ"

"ဒီလိုကွ"

ပြောရင်းဆိုရင်း ဂါလီဗားက ကျွန်တော် စိုက်ထူထားတဲ့ ရွက်ဖျင်တဲကြီးကို ဆွဲနုတ်ပါတယ်။

"ဟာ... ဟော့လူ ခင်ဗျား ဘာလုပ်တာလဲ"

ကျွန်တော်က ကပျာကယာ ရွက်ဖျင်တဲထဲမှာ ပျိုးထားတဲ့ မီးပုံကို ဆွဲယူရပါတယ်။

သူကတော့ ရွက်ဖျင်တဲကြီးကို ပျန့်အောင်ဆွဲဆန့်တယ်။ ခြင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကို တဝိုးဝိုး ရိုက်ပါတယ်။ သူ့အင်အားကြီးနဲ့ ရွက်ဖျင်တဲ့ရဲ့ လေခတ် အင်အားတို့ ပေါင်းလိုက်တဲ့အခါ အဲဒီအနားမှာ လေမုန်တိုင်း တိုက်သလိုပါပဲ။ ကျွန်တော်က လေကြောင်းလွှတ်မဲ့နေရာကို ကွေ့ပတ်ရှောင်နေရင်း မီးတုတ် အက ကနေသလို ဖြစ်နေတယ်။ ဒီကြားထဲမှာ နောက်ဖက်က အသံတွေ တီးတိုးထွက်လာတယ်။

"လူဘီလူးကြီး ပဝါအက ကနေတာကွ"

"ရွှေပြည်ကလည်း မခေဘူးမောင်၊ ဘီလူးကြီးကသလောင်းကို သူ စည်းချက်မှန်မှန် လိုက်နိုင်တယ်"

"တောက်"


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"အရေးထဲ ဒီလူတွေက ရောက်လာသေးတယ်၊ သူတို့ကို လှည့်စကား ပြောရလောက်အောင်လည်း အချိန်မရှိဘူး၊ ရှေ့မှာ ဂါလီဗားနဲ့တင် အလုပ်ရှုပ်လှပြီ"

"ရပြီ"

ဂါလီဗားက အဲဒီလို ညည်းတွားရင်း ရွက်ဖျင်တဲကို မြေပြင်မှာ ဖြန့်ချလိုက်တယ်။ ရောမ ရွက်ဖျင်ပိတ်စကြီး–

"ကိုင်း အခု ခင်ဗျား ခြင်တွေလာသေးသလား"

"မကိုက်တော့ဘူးကွ၊ ဒီလိုမှပေါ့ အိပ်ဖေကြီးရင် ကောန်ဖြစ်ရမယ်လေ"

ဟင်း ကြည့်သေးတာပေါ့။ ခြင်တွေကိုများ ဘာအောင်းမေ့နေလဲ မသိဘူး။ ဂါလီဗားက သူဖြန့်ထားတဲ့ ရွက်ဖျင်တဲကြီးပေါ် ထိုးအိပ်ပြီး–

"တော်ပြီ၊ ငါအိပ်တော့မယ်... အိပ်တော့မယ်"

"အိပ်ပါ... အိပ်ပါ၊ ကျွန်တော်လည်း အိပ်တော့မယ်"

မအိပ်ခင် သက်ပြင်းရှည်ကြီးကို ချမိပါသေးတယ်။

ဝ


www.burmeseclassic.com

# အခန်း(ရှစ်)

မိုးလင်းလာတော့ ဂါလီဗားက အရင်နိုးပါတယ်။ ကျွန်တော် ပတ်အိပ်ထားတဲ့စောင်ကို ကောက်ခွာယူပြီး ကျွန်တော့်ကို နှိုးပါတယ်။ ကျွန်တော် နိုးသွားပါတယ်။ ပေပြီးဆက်အိပ်နေချင်ပေမဲ့ သူ့အသံကြီး ဒီထက်ကျယ်လာရင် ကျွန်တော် ခံနိုင်မှာမဟုတ်ပါဘူး။ အဲဒါကြောင့် စိတ်ရှုပ်ရှုပ်နဲ့ ထလိုက်ရပါတယ်။ ဂါလီဗားကြီးကိုလည်း ဆီးဟောက်လိုက်ပါတယ်။

"ဘာလဲဗျ၊ ခင်ဗျားက သူများအိပ်နေတာကို"

"မိုးလင်းပြီပဲကွာ၊ ထတော့ပေါ့"

"ကျွန်တော်မှ မထချင်သေးတာ၊ ဒီလောက်ပင်ပန်းခဲ့ရတာ အခုမှအေးအေးဆေးဆေး အိပ်ရတာ"

"အတူတူပါပဲကွာ၊ ကဲ အိပ်ရာကထပါတော့၊ မျက်နှာလေးဘာလေးသစ်ပြီး ငါ့ကိုလည်း မုန့်လေးဘာလေး ဝယ်ကျွေးစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှာလဲ ခုနကစောင်"

"ဟိုနားလေး ငါ ပစ်လိုက်တယ်လေ"

သူ့ဟိုနားလေးက အဝေးကြီး။

"အဲဒီစောင် သွားပြန်ယူ၊ ပိုက်ဆံက အဲဒီစောင်ထဲမှာ"

"ဟော... ဟုတ်လား၊ အေး ဟုတ်ပြီ... ဟုတ်ပြီ ရမယ်"

သူ့ဘာသာသူကျတော့ ခုသွားယူပြီး ခုပြန်ရောက်လာတယ်။ ကျွန်တော်က စောင်ထဲက ငွေအချို့ (ခပ်များများ)ကိုယူပြီး စောင်ကို သေသေချာချာ ပြန်ခေါက်လိုက်တယ်။ ပြီး မျက်နှာသစ်၊ သွားတိုက်လုပ်စရာတွေပြီးမှ ဂါလီဗားကြီးကို–

"ကဲ လာသွားကြမယ်"

ဂါလီဗားက ဝမ်းသာအားရနဲ့ ကျွန်တော့်နောက်က လိုက်လာပါတယ်။ မနက်ခင်းက လင်းကာစမို့လို့ လူတွေသူတွေ အိပ်စက်နေကြတုန်းပါပဲ။ လမ်းထိပ်တဲကလေးရောက်တော့ ဂါလီဗားက–

"ဟော့ကောင် ခုရတဲ့ မုန့်အနံ့ကို ငါ စားချင်တယ်ကွာ"

"ဒီဆိုင်ကို ပြောတာလား"

ကျွန်တော်ပြောတဲ့ ဆိုင်ကလေးကို သူ ခေါင်းညိတ်ပါတယ်။

"အေး ဟုတ်တယ်"

သူ့ဆီက အတည်ပြုချက်ရမှ ကျွန်တော် အဲဒီဆိုင်ထဲကို ရဲရဲတင်းတင်း ဝင်ပါတယ်။ သူကလည်း ရဲရဲတင်းတင်း လိုက်လာပါတယ်။ ဒါပေမဲ့ ဆိုင်းထဲကို သူ ဝင်လို့မရဘူး။ ဆိုင်ရှင်အဘိုးကြီး အဘွားကြီးကလည်း ထိတ်ထိတ်ပျာပျာနဲ့ ဂါလီဗားကိုပဲ ဒူးထောက်ရှစ်ခိုးရမလို [illegible]ထွက်ပြေးရမလို ဖြစ်နေပါတယ်။ ကျွန်တော်က ဝင်ပြီး–


www.burmeseclassic.com

www.burmeseclassic.com

"အဘိုးတို့ အဘွားတို့ ဘာမှစိတ်မပူပါနဲ့၊ ဒီလူကြီးက ပင်လယ်ထဲ သင်္ဘောပျက်ပြီးရောက်လာတဲ့ လူကြီးပါ၊ ဒီဆိုင်ကမုန့်ကို စားချင်တယ်ဆို လို့ လာဝယ်ကျွေးတာပါ"

"စားပါစားပါ အခုလောလောဆယ် တစ်ဒယ် ကျထားတယ်"

သူတို့ပေးတဲ့ မုန့်တစ်ဒယ်ကိုယူပြီး အပြင်မှာ ရပ်စောင့်နေတဲ့ ဂါလီဗားကို ကျွန်တော် သွားကျွေးပါတယ်။ သူ စားလိုက်တာများ ရွှတ်ခနဲ ဆို ကုန်သွားတာပဲ။ ကျွန်တော့်ကိုတောင် ပြောလိုက်သေးတယ်။

"ဒီမုန့်ပါးလွှာချပ်ကလေးက အတော်စားကောင်းတာပဲကွ"

"ဘာမုန့်ပါးလွှာချပ်လဲဗျ၊ တစ်ဒယ်လုံး တစ်ဒယ်လုံး၊ အဲ့ဒါ မြန်မာ မုန့်၊ ထောပတ်ဘိန်းမုန့်လို့ခေါ်တယ်"


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

"အေးကွာ၊ ဗိုက်ထဲက နည်းနည်းပြည့်သွားပြီဆိုတော့ နည်းနည်း ပါးပါး ဟိုဟိုဒီဒီ လမ်းလျှောက်ထွက်ကြည့်ချင်တယ်"

"ကောင်းပါပြီ၊ ကျွန်တော် လိုက်ပို့ပေးပါမယ်၊ ခက်တာ ခင်ဗျား ခန္ဓာကိုယ်ကြီးနဲ့က ဘယ်သွားသွား လူတွေ အထိတ်တလန့်ဖြစ်ကုန်ကြ မှာပဲ"

"ရသလောက် စမ်းသွားကြည့်တာပေါ့ကွာ"

"ကျွန်တော့်ခြေသွားနှုန်းအတိုင်း လိုက်သွားနေရင် ခင်ဗျားအနေနဲ့ တော်တော်နဲ့ ရှေ့ကိုရွေ့မှာ မဟုတ်ဘူး"

"ဒါက လွယ်ပါတယ်"

ပြောပြီး ဂါလီဗားက ကျွန်တော့်ကို ဂုတ်ကဆွဲပြီး သူ့ဂုတ်ပေါ်တင် လိုက်တယ်၊ သူ့ဂုတ်ပေါ် ခွထိုင်ရင်း ကျွန်တော်က–

"ကျွန်တော်က နေရာတွေပြောပြမယ်၊ ဆောင်ရန်၊ ရှောင်ရန်တွေ ပြောပြမယ်၊ ခင်ဗျားက ကျွန်တော် ပြောသလိုသွားပေါ့"

ကျွန်တော် တတ်နိုင်သမျှ လူသူကင်းဝေးတဲ့ လမ်းတွေကနေ လျှောက်သွားခိုင်းပါတယ်။ ဒါတောင်မှ ရှိတဲ့လူတွေက ကျွန်တော်တို့ကို တွေ့သွားတဲ့လူတွေက ပါးစပ်အဟောင်းသားနဲ့ အလန့်တကြားဖြစ်ကြတာ ပါပဲ။ ပထမ ပျော်နေသလိုဖြစ်တဲ့ ဂါလီဗားကလည်း နောက်ပိုင်းမှာ စိတ် ရှုပ်လာပါတယ်။

"ရွှေပြည်"

"ဗျိုး"

"မင်းတို့မြို့မှာ ငါ သွားစရာနေရာ မရှိပါလားကွာ"

"ခင်ဗျားကလည်း ကြီးတာကိုဗျ"



www.burmeseclassic.com

www.burmeseclassic.com

"မင်း တစ်ဆိတ်ရှိ ငါ ကြီးတာကိုပဲ ထည့်ထည့်ပြောနေတယ်၊ အခု ငါက တကယ်ကြေကွဲနေတာကွ"

"ဘာဖြစ်လို့ ကြေကွဲနေတာလဲ"

"ငါက လူရာမဝင်တဲ့လူ ဖြစ်နေပြီ"

သူ့စကားကြောင့် ကျွန်တော် စိတ်မကောင်းဖြစ်သွားပါတယ်။

"ဒီလိုလဲ မဟုတ်ပါဘူးဗျာ"

"ဘာမှပြောမနေပါနဲ့ကွာ၊ အခြေအနေကို ငါလည်း ရိပ်မိပါတယ်"

တဆက်တည်း သူက ကျွန်တော့်နာမည်ကိုခေါ်တယ်။

"ရွှေပြည် ငါတို့နေရာလေးကိုပဲ ငါတို့ ပြန်ကြရအောင်ကွာ၊ လူတွေ မထူထပ်တုန်း"

"ခင်ဗျားသဘောပဲလေ"


www.burmeseclassic.com

www.burmeseclassic.com


ညတုန်းက ကျွန်တော်တို့ရဲ့ ဝပ်ကျင်းလေးဆီ ကျွန်တော်တို့ ပြန်လာခဲ့ကြပါတယ်။ စိတ်မကောင်းဖြစ်နေတဲ့ ဂါလီဗားကြီးက ခြေလှမ်းခပ်လေးလေးနဲ့ပဲ လျှောက်ပါတယ်။ လမ်းမှာ အသံမျှင်မျှင်လေးတစ်ခုကို ကြားရတယ်။

"သခင်ကြီး သခင်ကြီး"

ကျွန်တော်တို့ ငုံ့ကြည့်လိုက်ကြတော့ ကောင်မလေးတစ်ယောက်။ မော်ဒယ်ရှိုးပြိုင်ပွဲ ဆုရပြီးကာစလောက် ဖြစ်နိုင်တယ်။ အောက်ကနေ ခုန်ပေါက်ပြီး စကားတွေပြောနေတယ်။

x + – ÷ ÷ + x –

x + – – + x ÷ x – +

သူပြောနေတာတွေကို ဘာမှန်းမသိလို့ ကျွန်တော်က ဂါလီဗားကို အကြံပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား သူ့ကို လက်နဲ့ကောက်တင်လိုက်၊ ဒါမှ သူပြောတာကို ခင်ဗျား ကြားမှာပေါ့"

ဂါလီဗားက ဆတ်ကနဲကောက်ပြီး ကောင်မလေးကို ဆွဲတင်လိုက်ပါတယ်။ ကျွန်တော်က–

"ကဲ မင်းပြောချင်တာတွေ ပြောပေတော့၊ ဒါမှ သူကြားမှာ"

"သခင်ကြီး ကျွန်မကိုကယ်ပါ ကယ်ပါ၊ ကျွန်မတို့ရဲ့ ဘဝကို ကယ်ပါ"

ဂါလီဗားကတော့ နားမလည်ဘူး။ မျက်လုံးအပြူးသားကြီးနဲ့ ကြည့်နေတယ်။ အဲဒီမှာပဲ ကောင်မလေးက အင့်ခနဲငိုပြီး သတိလစ်သွားပါတော့တယ်။

ဝ


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(ကိုး)

"နေပါဦး… နင်က ဘယ်သူ"

"ငါက (လျှမ်းလျှမ်းတောက်) ကုမ္ပဏီပိုင်ရှင်ကြီးရဲ့ သမီးပဲဟ"

"အေး… အေး… ဟုတ်ပြီ၊ နင်… နင်… နင့် ကောင်လေး နာမည်ကရော"

"ငါ့ကောင်လေးနာမည်က အာကာဟိန်းတဲ့"

"သူ့အဖေကရော"

"(အာကာမြေပြင်) ကုမ္ပဏီကြီးရဲ့ ဒါရိုက်တာသူဌေးဟ"

"ဟင်… နင်တို့ဘဝကလည်း မသက်သာလိုက်တာ"

"ဘာမသက်သာတာလဲ"

"နာမည်တွေနဲ့တင် မသက်သာတာ"

"ဒါတောင် ငါတို့အဖြစ်ကို နင် မသိသေးဘူးနော်"


www.burmeseclassic.com

www.burmeseclassic.com


ပြောပြီး ကောင်မလေးက ငိုပြန်တာပါပဲ။ ကျွန်တော် မချော့ပါဘူး။ သူ ရည်းစားကွဲလို့ ငိုတယ်ဆိုတာလည်း မဆန်းပါဘူး။ ရှိုးနေပါပြီ။ ထူးခြားအံ့သြမိတာက ဒီကောင်မလေး ဂါလီဗားကြီးဆီ လာအကူအညီတောင်းတဲ့ကိစ္စပါပဲ။

"အေး နေပါဦး၊ နင်က ဘယ်လိုဖြစ်လို့ ဂါလီဗားကို ဆွဲထည့်ရတာတုန်း"

"အားကိုးမိလို့ပေါ့ဟာ အားကိုးမိလို့ပေါ့"

အဲဒီအချိန်မှာပဲ ဂါလီဗားကြီးက ဝါးခနဲသမ်းပြီး နိုးလာပါတယ်။ ကောင်မလေး ဝမ်းသာသွားပါတယ်။ "မင်းနိုးမနေနဲ့ဦး၊ သူ ပြန်အိပ်ပျော်သွားပြီ"

"ဟင် အခုပဲ နိုးတယ်လေဟာ"

"အေး သူ့အကျင့်က ဒီလိုပဲ"

နောက်တစ်ခေါက် ဗွါးခနဲသမ်းပြီး ဒီဘက်ပြန်လှည့်လာတယ်။ တကယ်နိုးပြီ။

"ဒါဖြင့် နိုးတော့ နိုးတော့မှာပေါ့နော်"

"အေး နိုးတော့မှာပါ"

ပြီး ကျွန်တော်က သူ့ကို တဆက်တည်း–

"နေပါဦး၊ နင့်နာမည်က ဘယ်သူ ထရေဇီ ဟုတ်လား၊ ငါ့နာမည်က ရွှေပြည်တဲ့"

သူက မျက်စောင်းထိုးပြီး ကဲ့ရဲ့ပါတယ်။

"လူကတော့ ရေရေရာရာမရှိဘဲ နာမည်က ရွှေပြည်တဲ့"

"အေး ငါလည်း ဒီနာမည်ကို တော်ရုံတန်ရုံ ဟုတ်မသုံးပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

ထရေဇီက စိတ်လွတ်ကိုယ်လွတ်နဲ့ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ သဲမြေတွေကို လျှောက်ကန်တယ်။ ကျွန်တော်လည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တယ်။ သဲတွေက ဖွဲခနဲဖွဲခနဲ ဖြစ်သွားတာကိုလေ။ သူ့ဆံနွယ်မျှင်လေးတွေကလည်း ဝဲခနဲ ဝဲခနဲ ဖြစ်သွားပါတယ်။ အင်မတန် ကြည့်လို့လှပါတယ်။ ပြီးသူ့နေရာသူ ပြန်လာထိုင်နေပြန်တယ်။ အဲဒီမှာ ကျွန်တော်က—

"ထရေဇီ"

"ဘာလဲ"

"နင့်ကို ငါ ကျူရှင်ပေးထားရမယ်ထင်တယ်"

"ဘာအတွက်လဲ၊ ဘာကျူရှင်လဲ"

"ဂါလီဗားကြီးနဲ့ ဆက်ဆံဖို့အတွက်လေ"

"ငါက သူ့ကို ဒူးထောက်တောင်းပန်ရမှာပါ"

"ဂါလီဗားက အဲဒါတွေကို အယုံအကြည်မရှိဘူး"

"ဒါဆိုရင် ဘယ်လိုတုန်း"

"အဲဒါကြောင့်ပြောတာ နင့်ကို ငါ ကျူရှင်ပေးထားရမယ်လို့"

"ကဲ ဒါဖြင့်လည်း ပေးပေး"

"ဒီလိုဟာ ဂါလီဗားကြီး အိပ်နေရင်းက ဘယ်ဘက်ပေါင်ပေါ် ညာဘက်ပေါင် တင်လိုက်ပြီဆိုရင် လေလည်ပြီ၊ နီးရာမှာသာ ရှောင်ပုန်းနေတော့၊ အင်မတန်ဆိုးတဲ့ အနံ့ကြီးကို နင် ၁၀ မိနစ်လောက်ရလိမ့်မယ်၊ နောက်ပြီးသူနဲ့ စကားပြောရင် နင့်ကို သူ့လက်ပေါ်တင်ပြီး ပြောပါစေ၊ ဒါမှ နင်ပြောသမျှကို အားလုံး သူ ကြားရလိမ့်မယ်"

ထရေဇီက တစ်ချက်လှမ်းထောက်တယ်။

"သူ့အသံကြီး ကျတော့ ငါက ဘယ်လိုလုပ် နားထောင်ရမှာလဲ။


www.burmeseclassic.com

 www.burmeseclassic.com 

ပဲခူးကနေသန်လျင်လောက်ကို လွင့်သွားနိုင်တာပေါ့ဟဲ့"

"ငါ အကောင်းပြောနေတာ၊ ဟဲ… ဟဲ … ဟဲ၊ ကြောက်မနေပါနဲ့၊ နင်တို့ သမီးရည်းစားချင်း တီးတိုးစကားပြောသံ ရှိတယ်မဟုတ်လား"

"ရှိတယ် ဘာဖြစ်လဲ"

"ဂါလီဗားကလည်း နင့်ကို အဲဒီပုံစံမျိုးနဲ့ စကားပြောမှာပါ"

"နင် မစနဲ့ဟာ ငါက ငိုချင်နေတာ"

"အခြေအနေကို ငါက ပြောပြနေတာပါ၊ နောက်ပြီး မျက်လုံးပြူး ကြီးနဲ့ကြည့်ရင် မကြောက်နဲ့၊ အဲဒါ သူ နင့်စကားကို နားမလည်ဖြစ်နေ တာ အံ့သြနေတာ"

"ဒါဖြင့် ကျွန်မကိုယ်စား ရှင်က စကားပြန် ပြောပြပေးရင်ကော"

"မလိုပါဘူး၊ လူချင်းတွေ့နေပြီးမှပဲ၊ နင်တို့ဘာသာပြောပေါ့"

အဲဒီအချိန်မှာပဲ ဂါလီဗားကြီးက–

'ဝှါး…' ခနဲ သမ်းဝေသံကြီးနဲ့ ဒီဘက်ကို ပြန်လှည့်လာပါတယ်။ သူ နိုးပါပြီ။ မျက်လုံးအစုံက တောင်ကြည့်မြောက်ကြည့်နဲ့ နောက်ပြီး ရုတ်ခနဲ ထထိုင်တယ်။ ထရေဇီတောင် ကြောက်လန့်တကြားနဲ့ ကျွန်တော့် နောက်ကို ဝင်ဝပ်နေရတယ်။



"ရှေ့ပြည်"

"ဘာလဲဗျ"

"ထမင်းဟင်း စားလို့မရဘူးလားကွ"

"ရပါတယ်… ရပါတယ်၊ သခင်ကြီးအတွက်ဆို ရရမှာပေါ့"

"မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"သခင်ကြီးလို့လေ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းက ငါ့ကို နှောက်ခေါ်တာ၊ ဒါပေမဲ့ တကယ် စိတ်လိုလက်ရ ခေါ်တဲ့ ကောင်မလေးတစ်ယောက် လမ်းမှာတွေ့ခဲ့တယ် မဟုတ်လား"

အဲဒီအချိန်မှာ ထရေဇီက ဂါလီဗားကြီးရဲ့ မျက်နှာရှေ့ကိုတိုးပြီး–

"အဲဒီသခင်ကြီးဆိုတာ ကျွန်မ ခေါ်တာပါပဲ သခင်ကြီး"

"မင်းလား"

"ဟုတ်ပါတယ်"

"ဘာလို့ ငါ့ကို သခင်ကြီးလို့ ခေါ်ရတာလဲ၊ ငါ ဘယ်သူ့သခင်မှ လည်း မဟုတ်ဘူး၊ ဘယ်သူ့ကျွန်မှလည်း မဟုတ်ဘူး"

"ရှိသေအားကိုးသမှုနဲ့ ခေါ်တာပါ သခင်ကြီးရယ်"

"ထားပါတော့ ငါ့ကို ခေါ်တဲ့ကိစ္စက"

"အဲဒီကိစ္စကို ပြောရမယ်ဆိုရင် အဟီး... ရှတ်... ရှတ်... ရှတ်"

စကားကို ဆက်မပြောတော့ဘဲ ငိုနေပါတယ်။ ဂါလီဗားက ဘယ်လဲ ကွဆိုတဲ့ အဓိပ္ပာယ်နဲ့ ကျွန်တော့်ကို လှမ်းကြည့်ပါတယ်။ ကျွန်တော်ကလည်း မသိဘူးလေဗျာဆိုတဲ့ ပုံစံမျိုးနဲ့ ပခုံးတွန့်ပြီး လက်နှစ်ဖက်ကို ဖြန့်ပြလိုက် ပါတယ်။ ငိုဆက်က ရှည်နေလို့ ...

"ဟ... ဒီလောက်ငိုရ တော်ပြီလေဟာ ပြောစရာရှိတာ ပြောပေါ့"

အဲဒီတော့မှ သူ အသိဝင်လာပြီး–

"ကျွန်မနာမည်က ထရေဇီပါ လျှမ်းလျှမ်းတောက် ကုမ္ပဏီပိုင်ရှင် သူဌေးကြီးရဲ့ သမီးပါ"

၀


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အခန်း(တစ်ဆယ်)

ဂါလီဗားကတော့ ဘယ်သိမလဲ။ တစ်ခုတော့ သူသုံးသပ်နိုင်တယ်။

မင်းက–

"မင်းကြည့်ရတာ တော်တော်ချမ်းသာတဲ့ သူဌေးသမီးဖြစ်ပုံရတယ်"

"ဟုတ်ကဲ့"

"ဒါနဲ့ ခု ငါ့ဆီလာတဲ့ကိစ္စက"

"ဒီလိုပါ သခင်ကြီးရယ်၊ ကျွန်မမှာ ရင်နဲ့အမျှချစ်ရတဲ့ ချစ်သူတစ်ယောက် ရှိပါတယ်၊ သူက (အာကာမြေပြင်) ကုမ္ပဏီကြီးကသူဌေးရဲ့သားပါ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ထရေဓိကို နောက်ကနေ တုတ်နဲ့ထိုးမိတယ်။

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"အကူအညီ နည်းနည်းတောင်းချင်လို့ပါ"

ဂါလီဗားက ခါးခါးသီးသီးပါပဲ။

"မရှုပ်နဲ့ မရှုပ်နဲ့ ကောင်မလေး၊ ငါ့ခန္ဓာကိုယ်ကြီးနဲ့ ဘယ်လိုမှ ပြေးလို့လွှားလို့ မလွယ်ဘူး၊ နင်တို့ အောင်သွယ်ကိစ္စတွေလည်း ငါ စိတ်မဝင်စားဘူး"

"အို အောင်သွယ်တယ်လို့ သဘောမထားပါနဲ့ သခင်ကြီးရယ်၊ ကွဲနေတဲ့ လူနှစ်ယောက်ကို ပြန်လည်ဆုံစည်းအောင် လုပ်ပေးတဲ့ မင်္ဂလာကိစ္စလို့မှတ်ပါ"

"ငါ့တစ်သက်မှာ မင်္ဂလာလည်း မပြုခဲ့ဘူး၊ အမင်္ဂလာလည်း မပြုခဲ့ဘူး"

"မင်္ဂလာကိစ္စလေးတစ်ခုကို ခုစပြီး ဖန်တီးကူညီတယ်လို့သာ အောင်းမေ့ပါ သခင်ကြီးရယ်"

ပြောနေရင်းပဲ လုံခြုံရေးတပ်သားတချို့ လက်နက်ခဲယမ်း မီးကျောက်တွေကို ကိုင်ဆွဲရင်း တရွေ့ရွေ့ နီးလာတာကို တွေ့ရပါတယ်။

ဂါလီဗားက–

"ရွှေပြည်"

"ဗျာ"

"မင်း အဲဒီကောင်မလေးကို ခေါ်သွားပြီး ဘေးလွတ်ရာ တစ်နေရာကိုရှောင်လိုက်"

"ခင်ဗျားတစ်ယောက်တည်း ဖြစ်ပါ့မလား"


www.burmeseclassic.com

www.burmeseclassic.com


"မင်းတို့ရှိရော ဘာထူးမှာပဲ၊ ပိုတောင်ရှုပ်သေးတယ်၊ သွားချေး သူတို့မမြင်နိုင်တဲ့ ခပ်ဝေးဝေးထောင့်မှာ ထိုင်နေ၊ ထရေဇီက တော်တော် သောက်မြင်ကပ်ဖို့ကောင်းတဲ့ ကောင်မလေးပဲ"

လမ်းမှာ သူနဲ့အတူလိုက်ပြေးရင်း တရှုံ့ရှုံ့ ငိုနေပါတော့တယ်။

"အဲ့ဒါက ဘာကြောင့်ငိုရတာလဲ"

"ငါ့ကြောင့် ဂါလီဗားကြီး သေရတော့မယ်၊ လူတစ်ယောက် သေတော့မှာကို ဝမ်းသာနေရမလား ဝမ်းနည်းပြီးငိုတော့ ဘာဖြစ်လဲ"

"ဝမ်းမနည်းချင် မငိုချင်ရင် နင် အဲဒီအုပ်စုထဲ ပြန်သွားလိုက်"

"အို... အဲဒီအထဲတော့ ပြန်မသွားပါဘူး"

တချိုးထဲ သူက ရှေ့ကပြေးပါတော့တယ်။ ကျွန်တော်က မနည်း လိုက်ရတယ်။

"ဒီနေရာကိုလာတာ ဘာကိစ္စလဲဟေ့"

"ကျွန်တော်တို့ပါ"

"ဘာလာလုပ်တာလဲ"

"ကျွန်တော်တို့ လူပျောက်လာရှာတာပါ"

"ဟာ... ဒီ ငါ့နေရာ ဟင်းလင်းပြင်ကြီးထဲမှာ ဘယ်လိုလူက လာပျောက်မှာလဲ"

"မင်းတို့ရှာရင်လည်း ရှာလေ"

"ဟုတ်ကဲ့ တွေ့ရင်ရောခင်ဗျာ"

"တွေ့ရင်ပဲဖြစ်ဖြစ် မတွေ့ရင်ပဲဖြစ်ဖြစ် ငါစီရင်မယ်"

"ဗျာ"


www.burmeseclassic.com

www.burmeseclassic.com



တီးတိုး တီးတိုး ခေါင်းခြင်းဆိုင် တိုင်ပင်ကြတယ်။ အဲဒီလူစုလည်း ပျောက်သွားပါတယ်။

ဂါလီဗားရှေ့မှာ ရောက်နေတဲ့ လူအကုန်လုံးနီးပါး အလျှိုလျှို ပျောက်ကုန်ကြပါတယ်။

နောက်ဆုံးမှာ ဂါလီဗားက ကျွန်တော့်ကို ...

"ရွှေပြည်"

"ဘာလဲဗျာ"

"ဘယ်သူတွေ ရှိသေးလဲ"

"ဟိုကောင်မလေး ရှိသေးတယ်"

"ဟဲ့ သူနဲ့ သူ့ရည်းစားကို မင်းပဲတတ်နိုင်သလောက် ကူညီလိုက်"

"ခင်ဗျားက ဘာဖြစ်လို့လဲ"

"မင်းကို ငါ့အကြောင်း ပြောပြပါ့မယ်"

အဲဒီလို သူပြောလိုက်တဲ့လေသံက ဆွေးဆွေးမြွေ့မြွေ့။

ကျွန်တော်လည်း ငြိမ်နားထောင်နေလိုက်တယ်။

o



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


# အခန်း (တစ်ဆယ့်တစ်)

ကျွန်ုပ်၏အမည်ကား ဂါလီဗား ဖြစ်နေသည်။ မည်သို့မည်ပုံ ဂါလီဗား ဖြစ်လာသည်မသိ။ ကျွန်ုပ် ကြီးပြင်းလာတော့ ဤနာမည်နှင့် လူဖြစ်နေသည်။ ကျွန်ုပ်တို့သည် လူထွားကြီးမျိုးဖြစ်၏။ တစ်ကျွန်းလုံး လူထွားကြီးတွေပဲနေသည်။ ကျွန်ုပ်သည် လူကောင်းလား လူဆိုးလား မပြောနိုင်ပါ။ အမှတ်တရ ဖြစ်စရာတစ်ခုသာ ကျန်ခဲ့သည်။

တစ်ညမှာဖြစ်၏။

ကျွန်ုပ်သည် အိမ်အောက်ထပ်မှ ချွတ်ချွတ် ချွတ်ချွတ် အသံကြား သဖြင့် ဆင်းကြည့်မိသောအခါ သူခိုးကိုတွေ့သည်။ သူခိုးကား ခိုးပြီးသော ပစ္စည်းပစ္စယများကို နံဘေးမှ အိတ်ကြီးနှင့်ထားလျက် ထမင်းဟင်းတွေကို စားနေသည်။ ကျွန်ုပ်သည် အလွန်ဒေါသထွက်သွားသည်။ သူ့နောက်သို့ ကျွန်ုပ် ရောက်သည်အထိ သတိမထားမိဘဲ ထမင်းကိုသာ သဲကြီးမဲကြီး

www.burmeseclassic.com

www.burmeseclassic.com


စားနေသည်။ ကျွန်ုပ်က နောက်မှလက်ပိုက်ကြည့်နေလိုက်သည်။ ထူးခြားချက်ကို ကျွန်ုပ် သတိထားမိသည်။ သူခိုးက ဟင်းကြီးဟင်းကောင်းများကို မစားဘဲ ငပိရည်နှင့် တို့စရာကို စားနေသည်။ ကျွန်ုပ် ခေတ္တတွေဝေသွားသည်။ နောက်တစ်ခါ တို့စရာကိုအနိုက်ဝယ် ကျွန်ုပ်က သူ့ပခုံးကို နောက်မှ လှမ်းပုတ်ပြီး–

"ဟေ့လူ"

ထိုလူ ဆတ်ခနဲ တုန်သွားသည်။

ကျွန်ုပ်အား လှည့်ကြည့်ပြီး ကြောက်ရွံ့စွာ–

"ခင်... ခင်... ခင်ဗျား"

"ခင်ဗျားက သူခိုးကို ဟုတ်လား"

"ဟုတ်... ဟုတ်... ဟုတ်ပါတယ်"

"ဘာတွေ ခိုးပြီးပြီလဲ"

"ဟို... ဟိုမှာပါ"

သူခိုးက သူခိုးထားသော အထုပ်ကို ညွှန်ပြသည်။

"ထမင်းရော ဘာကိစ္စ စားရတာလဲ"

"ကျွန်တော်... ကျွန်တော် ဗိုက်ဆာလို့ပါ"

"ဘာကိစ္စ ငပိရည်နဲ့ တို့စရာတွေပဲ စားနေတာလဲ"

"ဟို... ဟို... သူများဟင်းကောင်း ထမင်းကောင်းတွေ အားနာစရာကြီးဗျာ"

"ခုစားလို့မပြီးသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့"


www.burmeseclassic.com

ထို့နောက် ကျွန်ုပ်သည် သူခိုး၏ ပန်းကန်ထဲသို့ တန်ကြေးကြီး ဟင်းလျာများကို ထည့်ပေးလိုက်သည်။ သူခိုးသည် မဝံ့မရဲနှင့် အားရပါးရ စားလေသည်။ သူ ထမင်းစားပြီးသောအခါ နီးရာအဝတ်စနှင့် လက်သုတ်၏ ကျွန်ုပ် ခေါင်းကို ခါယမ်းမိလေသည်။

"ခင်ဗျား နောက်ကို ခိုးဦးမှာလား"

"မခိုးတော့ပါဘူး"

"အဲဒါဆို ဒီအိတ်ကိုထားပြီး ထွက်သွားတော့"

"ကျွန်တော်... ကျွန်တော်"

"ဘာလဲ"

"ပန်းကန်ပါ ဆေးပေးသွားချင်လို့"

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ပန်းကန်ဆေးပေးပြီးမှ သူ ထွက်သွားပါတယ်။ ကျွန်ုပ်လည်း ဤပစ္စည်းများကို ဤအတိုင်းထားလျက်ပင် အပေါ်တက်၍ ပြန်အိပ်လေသည်။

မနက်မိုးလင်းသောအခါ ကျွန်ုပ်အဖေနှင့် အမေတို့၏ ပွစိပွစိအသံကို ကြားရ၏။ ကျွန်ုပ်က မသိချင်ယောင် ဆောင်နေတော့သည်။

ကျွန်ုပ်ကား ထိုသို့သောလူမျိုး ဖြစ်လေသည်။ ထို့အပြင် ကျွန်ုပ်သည် ကျောင်းတွင် ထင်ပေါ်ခြင်းလည်း မရှိပါ။ သာမန်ကျောင်းသားတစ်ယောက်မျှသာ ဖြစ်ခဲ့ပါသည်။ ထိုအခြေအနေကို ဖျက်စီးပစ်သော အခြားအခြေအနေတစ်ရပ်က ကြားမှဝင်ရောက်လာပါသည်။ ထိုနေ့က ကျောင်းမှာ စာမသင်၊ လွန်လေပြီးသော ဆရာ ဆရာမများကို အမှတ်တရ ပူဇော်ပွဲ ဖြစ်၏။

"အားလုံး မတ်တတ်ရပ်"

ဆရာကိုယ်တိုင် သတိနှင့်ရပ်၍ ကျွန်ုပ်တို့လည်း သတိနှင့်လိုက်ရပ်ရပါသည်။

ဆရာတိုင်ပေး၏။

"လွန်ခဲ့ပြီးသော ဆရာ ဆရာမများအား သတိရအောက်မေ့ခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်"

ကျောင်းသားအားလုံး ငြိမ်ကျသွား၏။

ထိုအခိုက်မှာပင်–

ဘူ x x x ဘူ x x x ဘူ x x x ပတစ် x x x ပတစ် x x x ဘူ x x x ပရဲ x x x ပရဲ x x x ဘူ x x x



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ် လေလည်လိုက်ခြင်းဖြစ်၏။ အကြာကြီး အကျယ်ကြီး၊ အရှည်ကြီးဖြစ်နေသည်။

ကျောင်းသားများက ကျွန်ုပ်ကို မသိမသာကြည့်သည်။ တအံ့တသြဖြစ်နေပုံရသည်။ တစ်မိနစ်ပြည့်၍ စင်ပေါ်မှပြန်ဆင်းလာသော ဆရာသည် မျက်နှာကြီး နီရဲလျက် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ကာ ကျွန်ုပ်ဆီလျှောက်လာလေ၏။ အနားရောက်မှ သူ့စိတ်သူထိန်းကာ ပြန်လှည့်သွားသည်။

အစီအစဉ်ကား ပြီးသွားလေပြီ။ (သို့မဟုတ်) ပျက်သွားလေပြီ။ ကျွန်ုပ် စိတ်မကောင်းပါ။ ကျောင်းသားကျောင်းသူများက ကျွန်ုပ်၏ အီးအီးဒဏ်ကို စောင်းပါးရိပ်ခြေ ဝေဖန်နေကြ၏။

"အီးသံက အရှည်ကြီးပဲနော်"

"အေးလေ ကန္တကယနဲ့"

"သူ အီးပေါက်ဖို့ အားလုံးက ငြိမ်ပေးတာ ကြနေတာပဲ"

"တစ်မိနစ် အပြည့်နီးပါးပဲ ပေါက်သွားတာ"

ကျွန်ုပ်သည် ရှက်လွန်းသဖြင့် ကိုယ့်မျက်နှာကိုယ် ဓားနှင့်လှီးပစ်ချင်သည်။ ကျွန်ုပ်၏ ကျောင်းအပြန်လမ်းကား ခါတိုင်းထက်ပို၍ ခြောက်သွေ့နေလေသည်။ ထိုအခိုက်မှာပင်-

"ကိုကိုဗား... ကိုကိုဗား"

လှည့်ကြည့်လိုက်သောအခါ သူကြီးသမီး ခင်ဖွတ်ဖွတ်ကြီးဖြစ်နေသည်ကို တွေ့ရ၏။


www.burmeseclassic.com

"ဘာလဲ"

"ဒီနေ့လေ ကိုကိုဗားအတွက် ဇွတ်လေ အရမ်းဂုဏ်ယူတာပဲသိလား"

"ဘာဖြစ်လို့လဲ"

"အီ... အီးကို ဂီတသံပါအောင် ပေါက်နိုင်လို့ပေါ့"

"ဟာ... အဲဒါကြီးက"

"ဇွတ်ကတော့ အသံဖမ်းထားတယ်သိလား"

"ဟော"

"ဟုတ်တယ်၊ ဇွတ် တကယ်ပြောတာ"

"ဘယ်... ဘယ်လိုဖမ်းလိုက်တာလဲ"

"ဇွတ်ရဲ့ ဟန်းဖုန်းမှာ အသံဖမ်းစက်ပါတယ်လေ၊ ပထမတော့ တိတ်ဆိတ်မှုရဲ့ အသံဆိုပြီးဖမ်းတာပဲ၊ ကိုကိုဗားရဲ့ အီးအီးသံတွေပါတော့ အဖိုးမဖြတ်နိုင်ဘူး ဖြစ်သွားတယ်"

"တော်ပါတော့ ခင်ဇွတ်ဇွတ်ကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"မတော်နိုင်ဘူး ဇွတ်ကတော့ ပျော်တယ်"

ခင်ဇွတ်ဇွတ်ကြီးကား ကျွန်ုပ်တို့အိမ်နား ရောက်ခါနီးမှ ပြန်သွားလေသည်။

ထိုနေ့ ထိုအချိန်မှစ၍ ခင်ဇွတ်ဇွတ်ကြီးသည် ကျွန်ုပ်ထံပါးသို့ ချဉ်းကပ်လာလေ့ ရှိလေသည်။ ကျောင်းမှ ကျောင်းသားကျောင်းသူအချို့ကလည်း ကျွန်ုပ်နှင့် ခင်ဇွတ်ဇွတ်ကြီးကို သမီးရည်းစားဟု ထင်မြင်ကြလေသည်။ ထိုအခြေအနေကို ကျွန်ုပ်က စိတ်ပျက်မိသော်လည်း ခင်ဇွတ်ဇွတ်ကြီးက ပျော်လျက်ပင်ရှိသည်။ သူ့ဘက်မှ ကျွန်ုပ်ကို အာရုံစူးစိုက်မှုကား များလွန်းနေ၏။

ဥပမာ-

ကျောင်းခန်းထဲမှာ စာသင်နေရင်း ဟန်းဖုန်းခေါ်သည်။ ခင်ဇွတ်ဇွတ်ကြီး၏ ဖုန်းခေါ်သံက သူများတကာလို တီးလုံးမဟုတ်။

ဘူ x x x ယူ x x x

ကျွန်ုပ်၏ အီးသံဖြစ်၏။ ကျောင်းသားကျောင်းသူများက ဟန်းဖုန်းကို တလှည့် ကျွန်ုပ်ကိုတလှည့် ကြည့်ကြ၏။ ကျွန်ုပ်ကား ထ၍ပင် ထွက်ပြေးနေချင်တော့လည်း။ ခင်ဇွတ်ဇွတ်ကြီးကား ပျော်ပျော်ပင်တည်း။

ထိုသို့ ကံခေတတ်သော ကျွန်ုပ်သည် တစ်နေ့တွင် လူတစ်ချို့၏ ဖမ်း ဆီးခြင်းကို ခံလိုက်ရသည်။ မသင်္ကာမှုဟုပြောသည်။

သို့သော် ကျွန်ုပ်ကို ကြာကြာမထားပါ သုံးရက်အကြာတွင် ပြန်လွှတ်ပေးလိုက်၏။

"ဂါလီဗား"

"ဗျာ"


www.burmeseclassic.com

www.burmeseclassic.com


"သူကြီးအိမ်က ခေါ်နေတယ်၊ သွားလိုက်ဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ထွက်လာခါနီး အဖေက မေးသေးသည်။

"မင်း ဘာတွေရှုပ်ရှုပ်ရက်ရက် ဖြစ်နေလဲ"

"မဖြစ်ပါဘူး အဖေရယ်"

"အေး ကောင်းကောင်းမွန်မွန် ဆက်ဆံပြီး ပြန်လာခဲ့ကြားလား"

"ဟုတ်ကဲ့"

ကျွန်ုပ်သည် လေးလံသော ခြေလှမ်းများနှင့် သူကြီးအိမ်သို့ လျှောက်ရှလာသည်။ ကံကောင်းထောက်မစွာ ခင်ဗွတ်ဗွတ်ကြီးမရှိ။ ထို့အတူ သူကြီးကလည်းမရှိ။ ထိုင်စောင့်နေရသည်။ အတော်ကြာမှ သူကြီးက ရောက်လာသည်။ သူ့ကိုကြည့်ပြီး-

"ဂါလီဗားဆိုတာ မင်းလား"

"ဟုတ်ပါတယ်"

"အေး အကြောင်းကိစ္စ ထွေထွေထူးထူး မရှိဘူး၊ မသင်္ကာမှုနဲ့ အဖမ်းခံရတယ်ဆိုလို့ ခေါ်မေးတာ"

"ဩော်... ဒါလား"

ကျွန်ုပ် သေသေချာချာ ရှင်းပြလိုက်သည်။ သူကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်လေသည်။ သူ့နံဘေးမှ တပည့်ကျော်များကို-

"ကဲ ငါ့လူတွေ ဒီကောင်ကို ပြန်ပို့ပေးလိုက်"

"ရပါတယ် ကျွန်တော့်ဘာသာ ပြန်ပါ့မယ်"

ကျွန်ုပ်က ထိုမျှမကသေး-

ဘွမ် xxx ပရစ် xxx ပရစ် xxx ရှူး xxx ဘွမ် xxx ဝရုန် xxx

ကြောင်းစ်ကောင်ကာကာဆီတ်

www.burmeseclassic.com


ပရစ် xxx ရှူး xxx

ကျွန်ုပ်နှင့် သူကြီးအပါအဝင် အားလုံး အံ့အားသင့်သွားကြသည်။ သူကြီးက ...

"ဒါ... ဒါ... ငါ့ကိုပစ်တာပဲ"

"ကျွန်တော် ရှင်းပြပါရစေဦး"

ထိုသို့ ကျွန်ုပ် ကြိုးစားစဉ်မှာပဲ–

ဘွမ် xxx ပရစ် xxx ပရစ် xxx ရှူး xxx ဘွမ် xxx ပရစ် xxx ပရစ် xxx ရှူး xxx

သူကြီးက ဒေါသတကြီးဖြင့် "ဒါ ငါ့ကို ကာပစ် ပစ်တဲ့အသံပဲ၊ ယောကောင်တွေ"

"ဗျာ သူကြီးမင်း"

"ဒီကောင်ကို အချုပ်ခန်းထဲ ခေါ်သွားစမ်း၊ လွှတ်ပေးပါမယ် ပြောသားနဲ့ ရောင့်တက်တဲ့ကောင်"

ကျွန်ုပ်ကား သူကြီး၏ အချုပ်ခန်းထဲရောက်ခါ စိတ်ပျက်လက်ပျက် ဖြစ်နေပါတော့သည်။

လုံ့အိပ်ဖို့ ကြိုးစားစဉ် မကြာခင်မှာဘဲ ခင်ဖွတ်ဖွတ်ကြီး ရောက်လာလေသည်။ အချုပ်ခန်း အပြင်မှနေ၍ ငိုလေသည်။

"ဖြစ်မှဖြစ်ရလေ ကိုကိုဗား ရယ်"

ငိုလည်းငို စကားလည်းပြော၏။

"ကိုကိုဗား ဘာမှမပူနဲ့သိလား"

"အင်း"

"ကိုကိုဗား ပြန်လွတ်လာအောင် ဖွတ် လုပ်ပေးမယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ထို့နောက် ပြန်ထွက်သွား၏။ ထိုအခါကျမှ ကျွန်ုပ်လည်း အနေကြပ်ရာမှ လွတ်မြောက်သွားတော့သည်။

ခင်ဇွတ်ဇွတ်ကြီး စကားတည်ပါသည်။ ခဏအကြာတွင် သူကြီးမင်းက ကျွန်ုပ်ကိုလွတ်ရန် ပြင်ပြန်၏။ ဘာမဆိုင် ညာမဆိုင် ကျွန်ုပ်ကို ဉာဏ်စမ်းမေးခွန်း မေး၏။

"ဟော့ကောင် ဂါလီဗား"

"ဗျာ..."

"ခြင်ပုန်းဆိုတာ ဘာကိုခေါ်တာလဲ"

"ပုန်းနေတဲ့ ခြင်ကိုခေါ်တာပါ"

"အင်း... ဟုတ်သားပဲ၊ သူတို့ကို တွေ့အောင် ဘယ်လိုလုပ်ရမှာလဲ"

"ဘယ်လိုမှ လုပ်စရာမလိုပါဘူး"

"ဘာ..."

ရှိသမျှ တံခါးတွေ အကုန်ဖွင့်ထားလိုက်ရင် သူတို့ ဝင်လာကြပါလိမ့်မယ်။

"ဟဲ... ဟဲ... ဟဲ ဂါလီဗား မင်းက ဘယ်ဆိုးလို့လဲကွ"

"ဒါထက် ဒီတစ်ခါ မင်းကိုလွတ်ပေးတာ ငါ့သမီး ခင်ဇွတ်ဇွတ်ကြီးကို ကျေးဇူးတင်ရမယ်"

"ဟုတ်ကဲ့"

"ကဲ... သွားတော့... သွားတော့"

"ကျေးဇူးပါပဲ သူကြီးမင်း"

၀



www.burmeseclassic.com

www.burmeseclassic.com


# အခန်း (တစ်ဆယ့်နှစ်)

တစ်နေ့ ကျွန်ုပ် ကျောင်းမှပြန်လာရာ ရန်သူတစ်ယောက်နှင့် တိုးလေသည်။ ထိုရန်သူကို ကျွန်ုပ် မသိပါ။ လမ်းသရဲခေါင်းဆောင်တစ်ယောက်ဟုသာ သိသည်။ အခုအခါ ထိုလမ်းသရဲခေါင်းဆောင်သည် တစ်ယောက်တည်း ကျွန်ုပ်ကို စောင့်နေခြင်းဖြစ်သည်။ ကျွန်ုပ်ကို တွေ့သောအခါ အင်္ကျီကိုချွတ်၍ သူ၏ ကာယဗလကို ပြလေသည်။ ကျွန်ုပ်ကား အခြေအနေကို ဘာမှန်းမသိ၍ သူ့အား ငေးကြည့်နေရုံသာ တတ်နိုင်တော့သည်။ ထိုလူသည် သူ့စိတ်တိုင်းကျ ကာယဗလပြပွဲကို ကျင်းပနေလေသည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား အထက်စီးဆန်သော အပြုံးနှင့်–

“ဂါလီဗား”

“ဗျာ”

“မင်း နားလည်တတ်ဖို့ကောင်းပြီ”

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို နားလည်ရမှာလဲ"

"ခင်ဇွတ်ဇွတ်ကြီးနဲ့ ကိစ္စလေ"

"ခင်ဇွတ်ဇွတ်ကြီးက ဘာဖြစ်လို့လဲ"

"မင်းနဲ့ ကြိုက်နေပြီလား"

"မကြိုက်ပါဘူး"

"မင်းကသာ မကြိုက်ပါဘူးပြောတယ်၊ ခင်ဇွတ်ဇွတ်ကြီးကတော့ မင်းအတွက်ဆို အထိမခံပါလား"

"သြော်... မိန်းကလေးဆိုတော့ စိုးရိမ်တဲ့သဘောပါဗျာ"

"တော်ပါ၊ အဲဒါတွေ မကြားချင်ဘူး၊ ဟော့ကောင် ဂါလီဗား"

"ဗျာ"

"မင်း ငါနဲ့ချမလား"

"သြော်... အေးအေး နေပါရစေဗျာ"

"လုပ်မနေနဲ့ ဟော့ကောင် အင်္ကျီချွတ်"

ကျွန်ုပ် ချွတ်လိုက်ရသည်။ ကျွန်ုပ်တို့၏ ကာယဗလမှာ မကွာပါ။ အနေအထိုင်အယုက်ဖြစ်ရသည်က ဘယ်ကဘယ်လို သတင်းကြားသွားမှန်း မသိ ကျောင်းသား၊ ကျောင်းသူများက ကျွန်ုပ်တို့၏ သတ်ပုတ်ပွဲကို စောင့်ကြည့်ရန် အလျှိုလျှို ရောက်လာကြသည်။

"ယား"

ထိုလူသည် လျှင်မြန်စွာ တိုက်ခိုက်လာလေသည်။

"ယိ(စ်)"

ကျွန်ုပ်ကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ နှစ်ယောက်သား သူတပြန် ကိုယ်တပြန် ဖြစ်နေကြသည်။ နောက်ဆုံး ကျွန်ုပ်သည် ထိုလူကို ကြောင်နှစ်ကောင်စာအပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာ ချုပ်ကိုင်လိုက်နိုင်၏။

"ဘယ်လိုလဲ မင်း ငါ့ကို အရှုံးပေးပြီလား"

ထိုလူက ဘာမှပြန်မပြော။ သူ့လက်မောင်းကို တင်းတင်းဆွဲလိမ်ပေးလိုက်သောအခါ–

"အား... အား... အား အရှုံးပေးတယ်"

ထိုအခါ ကျွန်ုပ် သူ့ကို လွှတ်ပေးလိုက်၏။ သူက ဖုတ်ဖက်ခါ၍ ထလေသည်။

"အေးပေါ့ ဂါလီဗားရယ်၊ ဒီတစ်ခါ မင်းကို အထင်သေးမိလို့ ငါ ရှုံးသွားတယ်"

"နောက်တစ်ခါ ရှိဦးမှာလား"

"ရှိရမှာပေါ့ ငါ ဘယ်ကျေနပ်လိမ့်မလဲ"

"အေး အဲဒီအခါကျတော့လည်း အဲဒီအခါအလျှောက်ပေါ့ကွာ"

ကျွန်ုပ် အိတ်ဆွဲ၍ ပြန်ခဲ့သည်။ ကျွန်ုပ် နောက်မှ ဝေဖန်သံများကို ကြားနေရ၏။

"ဂါလီဗားက အလာကြီးပဲကွနော်"

"အေးလေ လူကိုကြည့်တော့ မခုတ်တတ်တဲ့ ကြောင်လိုလိုနဲ့"

ထိုစကားများကြောင့် ကျွန်ုပ် ဘဝင်မမြင့်ရပါ။ ယခု ကျွန်ုပ်ကို စိန်ခေါ်လာသောသူသည် လမ်းသူရဲခေါင်းဆောင်လိုလို ဘာလိုလို တွင်ကျယ်နေသူဖြစ်၏။ ရန်ငြိုးရန်စ ထပ်ပွားရလျှင် မကောင်းပေ။ အိမ်ရောက်တော့ သတင်းက အဖေ့ဆီ ကြိုရောက်နေသည်။

"ဂါလီဗား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"မင်းက ပြဿနာ အရမ်းရှာတဲ့ကောင်ပါလား"

ကျွန်ုပ် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ထိုသို့ဖြင့် ဖခင်ကြီးသည် သူ့စိတ်တိုင်းကျ ကျွန်ုပ်အား ဆူပူပြီး ပြန်ထွက်သွားလေသည်။ နောက်နေ့ ကျောင်းသို့ရောက်သောအခါ ခင်ဖွတ်ဖွတ်ကြီးသည် ပျာယာခတ်လေတော့၏။

"ကိုကိုဗား ဒဏ်ရာရလာသေးလား"

"မရပါဘူး"

"ကိုကိုဗားနဲ့ အဲဒီလူနဲ့ ဘာရန်ငြိုးရှိလို့လဲ"

"မရှိပါဘူး"

"ဖွတ်အတွက်ဖြစ်ရတာဆို စိတ်မကောင်းလိုက်တာ ကိုကိုဗားရယ်"

သူက တဗားထဲ ဗားနေသည်။ သစ်ငုတ်တိုပင်လျှင် နှုတ်ခမ်းပါများလျှင် နဲ့တတ်၏။ ထို့ကြောင့် တစ်နေ့မှာ ကျွန်ုပ်သည် အရဲစွန့်ကာ–

"ဖွတ်"

"ဘာလဲ ကိုကိုဗား"

"ကိုကိုဗား ဖွတ်ကို ချစ်နေပြီ"

"အို… ကိုကိုဗားကို ဖွတ်ချစ်နေတာကဖြင့် ကြာလှပြီ"

ခင်ဖွတ်ဖွတ်ကြီး အလွန်ပျော်သွားလေသည်။ သူ့ကိုကြည့်ပြီး ကျွန်ုပ်လည်း ပျော်လာသည်။

"ဖွတ်"

"ရှင် ကိုကိုဗား"

"ပျော်လား"

"ပျော်တာပေါ့ ကိုကိုဗားရယ် ကိုကိုဗားကရော"


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက် ချစ်သူဖြစ်သွားကြပါသည်။ **အချစ်** စစ်အချစ်မှန်တို့၏ ခရီးလမ်းသည် ဖြောင့်ဖြူးပါ၏လော။ မဖြောင့်**ဖြူးပါ။** ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း...

○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(တစ်ဆယ့်သုံး)

"ဂါလီဗား"

"ဗျာ"

"သူကြီးအိမ်က ခေါ်နေတယ်"

အဲဒါကလည်း တဒုက္ခဟု တွေးမိ၏။ သူကြီးအိမ်ရောက်တော့ သူကြီးက သူ၏တပည့်များကို အာဘောင်အာရင်းသန်သန်နှင့် ဘာတွေပြော နေသည်မသိ။ ကျွန်ုပ် တက်သွားတော့–

"လာဟေ့ ဂါလီဗား"

"ဟုတ်ကဲ့"


"ဘာရယ်မဟုတ်ပါဘူးကွာ၊ မင်းကို မေးချင်တာလေးရှိလို့"

"ဟုတ်ကဲ့ မေးပါသူကြီးမင်း"

"ဒီလိုကွာ"


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

 www.burmeseclassic.com 

"ဟုတ်ကဲ့"

"လူတစ်ယောက်ဟာ လှေကားတစ်စင်းနဲ့ အပေါ်ကို ရောက်သွားပြီးရင် ဘာကို ဂရုစိုက်ကြည့်ရမှာလဲ"

"အဲဒီလှေကားကိုပဲ ကြည့်ရပါမယ်"

"ဘာဖြစ်လို့လဲကွ"

"ပြန်ဆင်းရင် မရှိမှာစိုးလို့ပါ"

"ဟား... ဟား... ဟား ဒီလိုကျတော့လည်း ဟုတ်သားပဲ၊ ကဲ သွားသွား အဲဒါလေး မေးချင်လို့ပါကွာ"

ကျွန်ုပ် ဘာပြန်ပြောရမည်မသိ။ သူက ပြန်ပါဆိုတော့လည်း ပြန်ခဲ့ရသည်ပေါ့။ တစ်ခါတစ်ခါ မနက်အစောကြီး လာနှိုးတတ်ပါသေးသည်။

"ဂါလီဗား... ဂါလီဗား"

"ဘာတုန်းဗျ"

"မင်းကို သူကြီးခေါ်ခိုင်းလိုက်လို့"

"ကောင်းပြီ လာခဲ့မယ်လို့ပြောလိုက်"

ကျွန်ုပ် ရောက်သွားတော့ သူကြီးမင်းက မျက်မှောင်ကြီးကြုတ်၍ ထိုင်နေသည်။ ကျွန်ုပ်လာသည်မြင်မှ ဝမ်းသာအားရနှင့် ပြောလေသည်။

"ဂါလီဗား လာကွာ၊ ငါ အကြံအိုက်နေတယ်"

"ဟုတ်ကဲ့ ပြောပါ သူကြီးမင်း"

"လူတွေဟာ မှန်ကို ခဏခဏ ကြည့်ကြတယ်"

"ဟုတ်ကဲ့"

"အဲဒါ ဘာဖြစ်လို့လဲ"

"မှန်ထဲကို ကြည့်မှ သူတို့မျက်နှာကို သူတို့ မြင်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟော"

"သူကြီးမင်း မယုံရင် စမ်းကြည့်လေ၊ မှန်ထဲမှာကလွဲပြီး ဘယ်နေရာမှာမှ ကိုယ့်မျက်နှာကိုယ် မမြင်ရဘူး"

"ဟော ဟားဟား... ဟားဟား၊ အဲဒါခေါ်မေးတာကွ၊ ကဲကဲ သွားနိုင်ပါပြီ"

"ဘာလဲဟ"

ကျွန်တော် အူကြောင်ကြောင်နှင့် ပြန်လာခဲ့ရသည်။ ခင်ဖွတ်ဖွတ်ကြီးက နှစ်သိမ့်ပါသည်။

"သည်းခံပါ ကိုကိုဗားရယ်"

သို့သော်...

ထိုသို့သော် သည်အရေးကြီးသည်။ ခင်ဖွတ်ဖွတ်ကြီးကလည်း မိန်းမသားဖြစ်သည့် သဘာဝအလျှန် စိတ်ကောက်တတ်လေသည်။

"သွားပါ ကိုကိုဗားကို မကြည်ပါဘူး"

"ဟာ... ဘာဖြစ်လို့လဲ"

"ဟိုနေ့က ကျောင်းကပွဲမှာလေ၊ ဂုနိဖိုက်ကို ကြည့်နေတာများ မျက်လုံးကျွတ်ကျမတတ်ပဲ"

"ဟ သူက မင်းသမီးကွ၊ ကတာကို ကြည့်ရတာပေါ့"

"ဒါတင်မကဘူး ဟိုနေ့က အနီရောင်ဝမ်းဆက်နဲ့ ကောင်မလေးကို ကြည့်လိုက်တာ"

"ဩော်... သူ့အရောင် အတွဲအစပ်ကို ကြည့်တာပါကွာ၊ ဒါနဲ့ နေပါဦး ကိုကိုဗား မေးပါဦးမယ်"

"ဘာလဲ"


www.burmeseclassic.com

"ဖွတ်က ကိုကိုဗားအတွက် စိတ်ပူတယ်ပေါ့"

"ပူ"

သူလည်းလေ လောကီသားပေမို့ လေလည်ရှာလေသည်။ ကျွန်ုပ်သည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ–

"ဘာ ကိုယ့်ကို ပူတယ်ဟုတ်လား၊ ဒါဆို နောက်အခါတွေ ရန်မဖြစ်ကြတော့ဘူးနော်"

"ဘူး"

"အေး ဟုတ် တို့ ရန်မဖြစ်ကြတော့ဘူး"

ထိုသို့ဖြင့် ပြန်လည်ပြေလည်သွားပါတော့သည်။

○



www.burmeseclassic.com

# အခန်း(တစ်ဆယ့်လေး)

မထင်တာတစ်ခုက ကြုံရသေးသည်။ တစ်နေ့ ကျွန်ုပ်တစ်ယောက်တည်း ကျောင်းနောက်ဖေးလမ်းမှ ပြန်လာခိုက် ပထမတစ်ကြိမ် ကျွန်ုပ်အား စိန်ခေါ်ဘူးသောလူနှင့် ဆုံတွေ့ရလေသည်။ သူ၏နာမည်မှာ ပိုလန်ပီဖြစ်ကြောင်း ကျွန်ုပ် သိခဲ့လေသည်။ ပိုလန်ပီက ကျွန်ုပ်အား -

"ဟေ့ကောင် ဂါလီဗား"

"ဘာလဲ"

"မင်းနဲ့ ခင်ဗွတ်ဗွတ်ကြီးနဲ့ ချစ်သူတွေ ဖြစ်ကုန်ကြပြီဆိုတာ ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗွတ်ဗွတ်ကြီးကို ငါချစ်နေမှန်း မင်း မသိဘူးလား"

"မသိဘူး"

"အခု သိပြီလား"

www.burmeseclassic.com

ကြောင့်ရှင်ကောင်တာအနှစ်တိုးစ်

"သိပြီ"

"ဒါဖြင့် မင်းနဲ့ ငါနဲ့ ချကြည့်ရအောင်"

"ဟင်... ချပြီးပြီ၊ မင်း ရှုံးသွားတယ်လေ"

"မလိုချင်ဘူး"

ပိုလန်ပီက သူ့အင်္ကျီကိုချွတ်၏။ မလွဲသာမရှောင်သာ ကျွန်ုပ်လည်း ချွတ်လိုက်ရသည်။ ကျွန်ုပ်တို့ ပူးပူးကပ်ကပ် တိုက်ခိုက်ကြသည်။ ရန်ပွဲကား အနည်းငယ် ပြင်းထန်သည်ဟု ထင်ရသည်။ တစ်ချီလျှင် ပိုလန်ပီက ကိုင်ပေါက်လိုက်ရာ ကျွန်ုပ် လွင့်မြောက်ထွက်သွားသည်။ ပိုလန်ပီက တဟားဟား ရယ်၏။ ကျွန်ုပ်သည် ရက်ဒေါသထွက်ခါ ပိုလန်ပီ၏ ခြေထောက်ကို အတင်း ဝင်ဆွဲလေသည်။ ထို့နောက် ကျွန်ုပ် ဖခင် သင်ကြားပေးထားသော နပမ်း အသတ်နှင့် ပြန်လည်တိုက်ခိုက်လေပါသည်။ နောက်ဆုံးမှာ ပိုလန်ပီက ကျွန်ုပ်အား အရှုံးပေးရပြန်လေသည်။

"ဟေး ဂါလီဗားကွ"

မည်သည့်အချိန်က ရောက်ရှိစောင့်ကြည့်နေကြသည်မသိသော ကျောင်းသူကျောင်းသားများက ကျွန်ုပ်ကို အော်ဟစ်အားပေးကြလေသည်။ ပိုလန်ပီကား အရှက်ကြီးရှက်ကာ ပြန်သွားလေသည်။ မသွားမီ စကားတစ်ခွန်းကို ပြောသွားသေးသည်။

"မင်းနဲ့ ခင်ဗွတ်ဗွတ်ကြီးနဲ့ မရစေရဘူး စိတ်ချ"

"ဗွတ်ကြောင့်ဖြစ်ရတာ စိတ်မကောင်းလိုက်တာ ကိုကိုဗားရယ်"

"နေပါဦး အဲ့ဒီ ပိုလန်ပီဆိုတဲ့ကောင်က ဗွတ်နဲ့သိလို့လား"

"အို မသိပါဘူး ကိုကိုဗားရယ်"

မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ်နှင့် ပိုလန်ပီတို့၏ ရန်ပွဲသတင်းသည်



www.burmeseclassic.com

www.burmeseclassic.com


ဆရာကြီး၏ နားသို့ ပေါက်ကြားသွားလေသည်။

"ဂါလီဗား"

"ခင်ဗျာ"

"ပိုလန်ပီ"

"ခင်ဗျာ"

"မင်းတို့ သိပ်သတ္တိရှိနေကြတယ်ပေါ့ ဟုတ်လား"

"မရှိပါဘူး"

"မနေ့က သတ်ပုတ်တုန်းက သတ္တိတွေ ဘယ်ရောက်သွားလဲ"

ကျွန်ုပ်ကော ပိုလန်ပီပါ ဘာမှပြန်မပြောကြ။

"မင်းတို့က မပြောတော့ ငါ့ကြိမ်လုံးကပဲ ပြောရတော့မှာပေါ့"

ဆရာကြီးက ကြိမ်လုံးကို တမိုးမိုး ဇေ့ယမ်း၏။ ထို့နောက်–

"ဂါလီဗား"

"ခင်ဗျာ"

"ပိုလန်ပီ"

"ခင်ဗျာ"

"မင်းတို့တွေ အတန်းရှေ့ကို ထွက်လာခဲ့ကြ"

ကျွန်ုပ်တို့ အတန်းရှေ့သို့ ထွက်ပေးရ၏။ ကျောင်းသူကျောင်းသားများရှေ့တွင် ဆရာကြီးသည် ကျွန်ုပ်တို့ကို ဆော်ပလော်တီးလေသည်။ အတော်နာသည်။ အိမ်အပြန်လမ်း၌ ကွတကွတ ဖြစ်နေသည်။ ကျောင်းသားအချို့သည် ကျွန်ုပ်တို့ကိုကြည့်ကာ ရယ်မောကြသည်။ မည်သို့မျှမတတ်နိုင်ပေ။ ထိုဖြစ်ရပ်သည် ဖခင်ကြီး၏ နားသို့လည်း ပေါက်ကြားသွားသည်။ ညသန်းခေါင်ခန့်မှာ ဖခင်ကြီးက ကျွန်ုပ်ကိုခေါ်သည်။


www.burmeseclassic.com

"ဂါလီဗား"

"ဗျာ အဖေ"

"လာပါဦးကွ"

ကျွန်ုပ်လည်း ကွတကွတနှင့် သွားရလေသည်။

"ထိုင်ပါဦးကွ"

ကျွန်ုပ်မှာ အားယူထိုင်ရလေသည်။

"လမင်းကြီးက မလှဘူးလားကွ"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

"လုပါတယ်"

"ပုံပြင်တစ်ပုဒ်ရှိတယ်"

"ဟုတ်ကဲ့"

"တစ်ခါတုန်းက လူတစ်ယောက်"

"ဟုတ်ကဲ့"

"အဲဒီလမင်းကြီးကို လိုချင်လို့တဲ့"

"ဟုတ်ကဲ့"

"လူတွေက ပြောကြတယ်၊ မင်း ကြာရင်ရူးမှာပဲတဲ့"

"ဟုတ်ကဲ့"

"မကြာပါဘူး အဲဒီလူ တကယ်ရူးသွားတယ်၊ ဒါပေမယ့် လမင်းကြီးကိုတော့ ရမသွားရှာဘူး"

"ဟုတ်ကဲ့"

"သူ့အဖြစ်ကို နားထောင်ပြီး သံဝေဂမရမိဘူးလား"

"ရမိပါတယ်"

"အေး အဲဒါဆို မင်းအကြောင်း မင်းသိကွာ"

"ဟုတ်ကဲ့ပါ"

"ကဲ သွား သွား ပြန်အိပ်တော့"

ကျွန်ုပ်လည်း ကွတကွတနဲ့ အိပ်ခန်းဆီ ပြန်လာရတယ်လေ။ ဖခင်ကြီး မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုပုံပြင်ကိုပြောမှန်း ကျွန်ုပ် နားမလည်ချေ။ ထိုဖြစ်ရပ်များဖြစ်ပြီး တစ်ပတ်ခန့်အကြာတွင် ဖခင်ကြီးက-

"ဟေ့ကောင် ဂါလီဗား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"သူကြီးအိမ်မှာ အစည်းအဝေးရှိတယ်"

"ဟုတ်ကဲ့"

"သူကြီးက အစည်းအဝေး ခေါ်ခဲ့တယ်၊ အရေးကြီးလို့ဖြစ်မယ်"

"ဟုတ်ကဲ့"

"အဲဒါ မင်းသွားလိုက်၊ သေသေချာချာ မှတ်လာခဲ့၊ ပြီးတော့ ငါ့ ပြန်ပြောဟုတ်လား"

"ဟုတ်ကဲ့ပါ"

အစည်းအဝေးသို့ ကျွန်ုပ် ရောက်သွားသောအခါ လူပင်အတော်ဆုံး နေလေပြီ။ သူကြီးကား လူစုံအောင် စောင့်နေသည်။ လူစုံကြောင်း မောင်းထုသတိပေးကာမှ–

"ကဲ ကျွန်းသူကျွန်းသားအပေါင်းတို့ အခုပြောမဲ့သတင်းကတော့ မင်္ဂလာသတင်း မဟုတ်ဘူး"

အားလုံး နားရွက်ထောင်သွားကြလေသည်။

"ကျုပ်တို့ကျွန်းမှာ လူဆိုးဂိုဏ်းတစ်ဂိုဏ်း ဖွဲ့နေတယ်လို့ ကြားရတယ်"

"ဗျာ..."

"ဟင်..."

ကျွန်းတွင် တစ်ခါမှမဖြစ်ဘူးသည့် ကိစ္စတစ်ခုဖြစ်၍ အားလုံး အံ့သြကုန်ကြသည်။

"သူကြီး အဲဒီဂိုဏ်းက ဘာလုပ်ဖို့လဲဗျ"

"သူတို့ရဲ့ ရည်ရွယ်ချက်ကို သေသေချာချာ မသိသေးဘူး၊ ဒါပေမယ့် ကောင်းတာတွေလုပ်မှာက သေချာတယ်"

"ဂိုဏ်းနာမည်က ဘာတဲ့တုန်းဗျ"

"ဂိုဏ်းနာမည်က ရောမတဲ့"

"ကျုပ်တို့ကို ဒုက္ခပေးဖို့များ အစီအစဉ်တွေ ဆွဲပြီးပြီလား မသိဘူး"

"မပြောနိုင်ဘူး၊ ကိုယ့်ဘက်ကတော့ မပေါ့ဆဖို့ အရေးကြီးတယ်"

"ဟုတ်ကဲ့ စိတ်ချပါ"

"ဒီအစည်းအဝေးက အဲဒါကို ခေါ်ပြောတာပဲ၊ မင်းတို့ကလည်း ရောမဂိုဏ်းအကြောင်း ကြားလာတာရှိရင် ငါ့လာပြောသိလား"

"ဟုတ်ကဲ့ စိတ်ချပါ သူကြီးမင်း"

"ကဲ... ကဲ... အားလုံးပြန်နိုင်ပြီ"

ကျွန်ုပ်လည်း ရောမဂိုဏ်းနှင့် ပတ်သက်၍ စိတ်မရှင်းမလင်းဖြစ်ကာ ပြန်လာခဲ့ရသည်။

၀



www.burmeseclassic.com

## အခန်း(တစ်ဆယ့်ငါး)

ထိုသို့ဖြင့် ကျွန်ုပ်တို့၏ စာမေးပွဲကြီးသည် နီးကပ်လာပါပြီ။ သူကြီးပြောထားသော ရောမဂိုဏ်းအကြောင်းလည်း မေ့တော့တော့ပင် ဖြစ်သွားသည်။ ကျွန်တော်နှင့် ဇွတ်တို့သည် စာအတူကျက်ကြသည်။ ဇွတ်ကား စာတော်လှပေသည်။ ကျွန်ုပ်ကား သာမန်မျှသာ ဖြစ်လေသည်။

"ဇွတ်"

"ရှင် ကိုကိုဗား"

"ကိုကိုဗားကို စိတ်မပျက်ဘူးလား"

"အို... ဘာလို့စိတ်ပျက်ရမှာလဲ ကိုကိုဗားရယ်"

"ကိုကိုဗားကို ဇွတ်ဇွတ် စာပြပေးနေတာ ဇွတ်က ပျော်တောင် ပျော်သေး"

"ဇွတ်ကတော့ အောင်မှာပါ"

www.burmeseclassic.com


"အဲ့ဒါ ဘာစကားလဲ"

"ဖွတ်က ဂုဏ်ထူးတွေနဲ့ကို အောင်မှာ"

"ကိုကိုဗားလည်း အောင်မှာပဲ"

"ကိုကိုဗားက အောင်ရင်တောင် ရိုးရိုးပဲအောင်မှာ"

"ဘာဖြစ်လဲ အောင်ဖို့အရေးကြီးတာပဲ"

ထိုသို့ ကျွန်ုပ်တို့ စကားတပြောပြောနှင့် ကျောင်းဆီထွက်အလာ မှာ ကျောင်းသားတစ်ယောက်သည် ပျာယီပျာယာ မျက်နှာဖြင့်–

"အလောင်း... အလောင်း"

"ဘာအလောင်းလဲ"

"ဩော်... လူသတ်ခံထားရတဲ့ အလောင်းလေဗျာ"

"သေပြီလား"

"အလောင်းပါဆိုမှ သေပြီပေါ့ဟ၊ ဩော် ခင်ဖွတ်ဖွတ်ကြီး"

"ရှင်"

"သွားကြည့်လိုက်ဦးလေ၊ အသတ်ခံရတာ နင်တို့အိမ်ကပဲဟ"

"အို..."

ခင်ဖွတ်ဖွတ်ကြီးက မျက်နှာပျက်သွားလေသည်။

"ကိုကိုဗား"

"ပြောလေ ဖွတ်"

"သွားကြည့်ရအောင်"

"သွားလေ သွားကြည့်ရမှာပေါ့"

"ဩော်... ဖြစ်မှဖြစ်ရလေ"


www.burmeseclassic.com

www.burmeseclassic.com

သူကြီး၏ တပည့်တစ်ယောက် ဖြစ်လေသည်။ ငြင်ငြင်သာသာ သတ်ထားပုံရသည်။ အလောင်းမှာ ပြူးတူးပြဲတဲ ဖြစ်မနေချေ။

ဖွတ်ကား ငိုမဲ့မဲ့ဖြစ်နေလေသည်။ အခြေအနေကို ကျွန်ုပ်က ဝင်ထိန်းထားလိုက်သည်။

"ဖွတ်"

"ရှင် အစ်ကိုဗား"

"လာလာ သွားကြရအောင် ကျောင်းချိန်နီးနေပြီ"

ကျောင်းသို့သာ ဆက်ထွက်လာရ၏။ ကျွန်ုပ်တို့၏ စိတ်ထဲတွင် ကျောင်းစာလည်း မရှိတော့ချေ။ မအိမလည်ကြီးဖြစ်ကာ ကျောင်းခန်းထဲ ရောက်သွားသည်။ ကျောင်းခန်းထဲတွင်လည်း ဆရာကြီးနှင့်တကွ ကျောင်းသူကျောင်းသားအားလုံး မအိမလည်ကြီး ဖြစ်နေသည်ကို တွေ့နေရလေသည်။ ထိုသို့ဖြင့်ပင် ကျွန်ုပ်တို့လည်းစာမေးပွဲကြီး ဖြေလိုက်လေသည်။ ကံကောင်းထောက်မစွာ ဖွတ် ကျွန်ုပ်ကို ပြပေးထားသည့် ပုစ္ဆာတွေချည်း ဖြစ်နေသည်။ ကျွန်ုပ်ကား စာမေးပွဲအောင်မြင်လေသည်။ ဖွတ်က ဂုဏ်ထူးတွေနှင့်ပင် အောင်မြင်ချေတော့မည်။ စာမေးပွဲအပြီးမှာပင် ကျွန်ုပ်လည်း သူကြီးအိမ်သို့ သွားကာ သတင်းမေးရ၏။

"တရားခံက ရှင်းရှင်းလေးပါ"

"ဟုတ်ကဲ့ ပြောပါသူကြီး"

"ငါက ဒီကောင့်ကို ရောဓဂိုဏ်းအကြောင်း စုံစမ်းခိုင်းထားတာ"

"ဩော်"


www.burmeseclassic.com

www.burmeseclassic.com

"ရောဂါကိုက်ဒါးက မိသွားပြီး သတ်ပစ်လိုက်တာ ဖြစ်မှာပေါ့"

သူကြီးကား သွေးအေးလွန်းလှလေသည်။

စာမေးပွဲပြီး၍ ကျောင်းပိတ်သွားသောအခါ ကျွန်ုပ်တို့မှာ အခက်အခဲတစ်ခု ကြုံရလေသည်။ ယင်းအခက်အခဲမှာ အခြားမဟုတ် ကျွန်ုပ်နှင့်ဖွတ်တို့ တွေ့ရှိချိန် နည်းသွားခြင်းဖြစ်သည်။ ဖွတ်က စကားဆိုလာသည်။

"ကိုကိုဗား"

"ပြောလေ ဖွတ်"

"ပန်းခြံထဲ သွားလည်ရအောင်"

"ပန်းခြံထဲ သွားလည်ရင် တစ်နေကုန်မှာ"

"ကုန်ကုန်ပေါ့"

"သွားစေဗျာ"

ကျွန်ုပ်ကား ဖွတ်၏ အယူအဆကို ငြင်းပယ်တတ်သူ မဟုတ်ပါချေ။ နောက်ဆုံး ကျွန်ုပ်တို့သည် ပန်းခြံထဲသို့ လာရောက်ကြလေသည်။ ပန်းခြံထဲ ရောက်သောအခါ ဖွတ်သည် အလွန်ပျော်ရွှင်နေသည်။

"ကိုကိုဗား"

"ဗျာ"

"ဖွတ်ကို ပန်းပန်ပေးလေ"

ကျွန်ုပ်သည် အလှဆုံး အယဉ်ဆုံးပန်းကိုရွေး၍ ဖွတ်ကို ပန်ပေးလေသည်။ ဖွတ်က အလှဆုံးအယဉ်ဆုံးဖွတ် ဖြစ်သွားသည်။

"ဟား... ဟား... ဟား ကြည့်လို့တော့ ကောင်းသားပဲ"


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လှောင်ပြောင်သံကြား၍ လှည့်ကြည့်သောအခါ ပိုလန်ပီကို တွေ့ရလေသည်။

"ဩော်... ပိုလန်ပီ မင်းလည်း ပန်းခြံထဲလာတာကိုး"

"မင်းတို့တောင် လာသေးတာပဲ၊ ငါက ဘာလို့မလာရမှာလဲ"

"ဩော်... လာရပါတယ်ကွာ၊ အံ့သြသွားလို့ပါ"

ဒင်းသည် အမှတ်လည်းမရှိချေ။ သူ၏ အပေါ်အင်္ကျီကို ချွတ်ပြသည်။

"ဟော့ကောင် ဂါလီဗား"

"ဟေ"

"မင်းနဲ့ ငါ ချဦးမလား"

ကျွန်ုပ် လွန်စွာစိတ်ပျက်မိ၏။ ကျွန်ုပ်ကသာ အလျှော့ပေးလိုက်ပါသည်။

"ငါတို့တွေ ကျောင်းသားတွေလည်း မဟုတ်တော့ပါဘူးကွာ၊ ငယ်တုန်းကောင်တွေ မဟုတ်တော့ပါဘူး"

"အဲဒါ ဘာဖြစ်လဲ"

"ငါကပဲ အရှုံးပေးပါတယ်ကွာ"

"မင်း တကယ်အရှုံးပေးတာနော်"

"အေးပါ"

"တကယ်လား"

"တကယ်ပါ"

"အေး အဲဒါဆိုရင် ငါ ကျေနပ်တယ်"

ပိုလန်ပီ မြောက်ကြွမြောက်ကြွဖြင့် ထွက်သွားလေသည်။ ထို့နောက် ကျောင်းနှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းမှာတော့ ကျွန်ုပ်သည် ဖွတ်ကို တွေ့လိုလျှင် သူကြီးအိမ်သို့ပင် သွားသည်။ ထို့ကြောင့်ထင်သည်။ ဖခင်ကြီးက သတိပေး၏။

"ဂါလီဗား"

"ဗျာ"

"မင်း သူကြီးအိမ်ကို ခဏခဏ သွားနေတယ်ဆို"

"ဟုတ်ပါတယ်"

"ဆင်ခြင်ကွာ"

"ခင်ဗျာ ဘာဖြစ်လို့လဲ အဖေ"

"သူကြီးက ရောဓဂိုဏ်းနဲ့ ရန်ငြိုးရှိနေတယ်"

ထိုသို့ပြော၍ ဘာမျှဆက်၍ မပြောတော့ပါ။ ကျွန်ုပ်လည်း နားလည်မှုရှိစွာ ငြိမ်နေလိုက်တော့သည်။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(တစ်ဆယ့်ခြောက်)

ထိုရက်ပိုင်းများအတွင်းတွင် အေးအေးချမ်းချမ်းနှင့် နေ၍ရနေသည်။ ကျွန်ုပ်နှင့် ဖွတ်သည် လူသွားလူလာများသော နေရာများသို့ လျှောက်၍လည်ပတ်ခါ တပြုံးပြုံးတပျော်ပျော် ရှိကြသည်။ မည်သို့ပင်ဖြစ်စေ မထင်မှတ်သောအချိန်တွင် မထင်မှတ်သော ကြမ္မာဆိုးများ ကြုံလာတတ်သည့် အကျွန်ုပ်ကိုလည်း ချောက်ချားဖွယ်ရာ ကြမ္မာဆိုးက ရိုက်ခတ်လေသည်။ တစ်နေ့ ကျွန်ုပ် အိမ်ပေါ်ထပ်မှအဆင်း လှေကားရင်းတွင် ခွေခွေလေးဖြစ်နေသော ဖခင်ကြီးကို တွေ့ရလေသည်။

"အဖေ... အဖေ..."

ကျွန်ုပ် ခေါ်သော်လည်း မထူးတော့ပြီ။ ကျွန်ုပ်၏အဖေကား သေလွန်နေပေပြီ။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အို… ကျွန်ုပ်အတွက်ကား ကမ္ဘာကြီး ပျက်သကဲ့သို့ပင်တည်း။ ကျွန်ုပ်သည် သူကြီးကိုသွား၍ အကြောင်းကြားသည်။ သူကြီးလည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လေသည်။ ဖွတ်က ကျွန်ုပ်ကို ချော့မော့အားပေးလေသည်။ ထို့နောက် ကျွန်ုပ်တို့ တိုင်ပင်ကာ ဈာပနအခမ်းအနားကို အကျဉ်းချုံး၍ပဲ ဆောင်ရွက်လိုက်သည်။ ထို့နောက်ပိုင်း ညများသည်ကား ကျွန်ုပ်အတွက် ခြောက်သွေ့လွန်းလှသည်။ တစ်ည ကျွန်ုပ် အိပ်မပျော်၍ ခြံထဲဆင်း၍ လမ်းလျှောက်စဉ်–

"သခင်လေး… သခင်လေး"

"ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ဘယ်က ကျွန်တော်လဲ"

"ဟို… သူခိုးပါ"

ထိုအခါကျမှ ကျွန်ုပ် သူ့ကို သတိရသည်။ တစ်ခါက ထမင်းကျွေး



www.burmeseclassic.com

www.burmeseclassic.com

ပြီး ကျွန်ုပ် ပြန်လွှတ်လိုက်သော သူခိုးပေ။

"ခင်ဗျားက ဘာလာလုပ်တာလဲ"

"ဟို... ဟို သခင်လေးကို ပြောစရာရှိလို့၊ ကျွန်တော် အိမ်တစ်အိမ်ကို ပစ္စည်းခိုးဖို့ ဝင်မိပါတယ်"

"အဲဒီတော့"

"အဲဒီတော့ ရောဂါကိုက်ဆိုးသားနှစ်ယောက်နဲ့ တွေ့ပါတယ်၊ သူတို့က ကျွန်တော့်ကို မမြင်ကြပါဘူး"

"ခင်ဗျားကရော သူတို့ကို မြင်ရလား"

"ကျွန်တော်လည်း သူတို့နှစ်ယောက်လုံးကို မျက်နှာမမြင်ရပါဘူး"

"ဘာထူးလို့လဲ"

"သူတို့က တစ်ယောက်နဲ့တစ်ယောက် ပြောနေကြပါတယ်၊ သူကြီးတပည့် ပြီးသွားရင် သူကြီးသမက်ရဲ့ အလှည့်ပေါ့ကွာတဲ့၊ ပြီးတော့ ရယ်နေကြပါတယ်"

"အဲဒါ ဘာဖြစ်လဲ"

"သခင်လေးကို အန္တရာယ်ပြုမယ်လို့ ထင်ပါတယ်"

"ကဲကဲ... သွားသွား ခင်ဗျားလည်း သွားတော့"

ကျွန်ုပ်သည် သူကြီးနှင့် လျှို့ဝှက်တွေ့ဆုံရလေသည်။

'ထူးထူးခြား ခြား ဂါလီဗာ:ရယ်၊ ဘာများ ထူးထူးခြားခြား ပြောစရာရှိလို့လဲ"

"ဒီလိုပါ သူကြီးမင်း"

"ပြောပါဟ"

"ကျွန်တော့်အဖေ သေသွားရတာကို ကျွန်တော် မသိတော့ဘူး"


www.burmeseclassic.com

 www.burmeseclassic.com

သူကြီးမင်း မျက်နှာတည်သွားပါတယ်။

"အေး ငါလည်း ဒီအတိုင်းပဲ"

အဲဒီလိုနဲ့ သူကြီးနဲ့ ကျွန်တော်တို့ စကားရှည်ရှည်ပြောဖြစ်ကြပါတယ်။ ကျွန်တော်လည်း သူကြီးအိမ်က ညဥ့်နက်မှ ပြန်ရပါတယ်။ သူဝင်နားမထောင်ရဘူးဆိုလို့ ခင်ဗွတ်ဗွတ်ကြီးက 'ဗွတ်'ကတော့ နှုတ်ခမ်းစူပြီး အိပ်ရာဝင်သွားလေရဲ့။

ထိုရက်များအတွင်း ကျွန်ုပ်တို့ မည်သို့နေရထိုင်ရသည် ထင်ပါသနည်း။ သူကြီးသည် လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း ပုံမှန်အတိုင်းပင်ဖြစ်၏။ ဗွတ်ကိုလည်း ယခင်ကထက်ပို၍ အလိုလိုက်ကြသည်။ ဗွတ်က မသက်ာ–

"ကိုကိုဗား"

"ဗျ"

"အဖေရော ကိုကိုဗားရောလေ"

"အင်း"

"ဒီရက်တွေထဲမှာ"

"အင်း"

"ဗွတ်ကို အရမ်းအလိုလိုက်ကြတယ်"

"ဪ... ချစ်လို့ပါ အသည်းလေးရာ"

"ပြီး စာမေးပွဲကလည်း ပြီးသွားပြီမဟုတ်လား"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ကွယ်၊ ဗွတ်က ကလေးလည်းမဟုတ်၊ လူကြီးလည်းမဟုတ်အရွယ် ဖြစ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ ကိုကိုဖား"

"ပြောလေ"

"ကိုကိုဖားကို တောင်းဆိုချင်တာ ကြာလှပြီ"

"ဟင်... ဘာများလဲကွယ်"

"ကိုကိုဖားရဲ့ အီးအီးပေါက်နည်းကို သင်ပေးပါလား ကိုကိုဖားရယ်"

"အို... ဘယ်လိုဖြစ်ရတာလဲ"

"သင်ပေးပါဆို သင်မပေးရင် စိတ်ကောက်လိုက်မှာနော်"

"ရမ်းသမ်းဖြစ်ရတာပါကွယ်၊ တမင်ဖြစ်ရတာ မဟုတ်ပါဘူး"

"အို ပြောပြရမယ်... ပြောပြရမယ်"

ကျွန်ုပ် သက်ပြင်းချမိ၏။ ထို့နောက်-

"ဒီလိုရှိတယ် အသည်းလေးရွှတ်ရယ်"

"ပြော ကိုကိုဖား"


www.burmeseclassic.com

"အီးဆိုတာ မာယာများတယ်"

"တမင်တကာပေါက်တဲ့ အီးရှိတယ်၊ လုပ်ပေါက်တဲ့အီးရှိတယ်"

"ဪ"

"တချို့ကျတော့ ညှစ်ပေါက်တဲ့အီးရှိတယ်၊ တချို့ကျတော့ 'အ' ထစ် 'အ'ထစ်ပေါက်တဲ့ အီးရှိတယ်။ တချို့ဆို ကိုယ်ပေါက်ပြီး မပေါက်ချင်ယောင်ဆောင်နေတယ်၊ တချို့ဆို အနံ့ထွက်လာမှ ကိုယ်မဟုတ်သလို နှာခေါင်းရှေ့ လက်ကလေးကာပြီး နေကြရတာတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


"ဟင်... အဲဒီလိုဆို အီးဒသာနက အကျယ်ကြီးဖြစ်နေမှာပေါ့ ကိုကိုဗားရယ်"

"ဒါပေါ့ ဗွတ်လေးရယ်"

ထိုသို့ဖြင့် ကျွန်ုပ်သည် ဗွတ်ကို အီးဒသာနအကြောင်း အကျယ်တဝင့် ဖွင့်ဆိုပြောပြရလေသည်။ လက်တွေ့ပေါက်မပြမိသည်မှာ တော်ပါသေး၏။

ထိုသို့ပင် ကျွန်ုပ် ဗွတ်နှင့် သူကြီးတို့သည် ပျော်ရွှင်စွာနေကြလေသည်။ ဒီကြားထဲတွင် ထင်မထားသော စကားတစ်ခွန်းကို ဗွတ်ထံမှ ကြားရလေသည်။

"ကိုကိုဗား"

"ပြောလေ ဗွတ်လေး"

"ဗွတ်တို့ လက်ထပ်ရအောင်"

အို...

ကျွန်ုပ်ကား မည်သည့်စကားကိုမျှ ပြန်မပြောနိုင်ပေ။

"ကိုကိုဗား"

"ဗျား"

"ဗွတ်ပြောတာ ကြားတယ်မဟုတ်လား"

"ဗျာ ကြားပါတယ်"

"ဘယ်လိုနေလဲ"

"ကောင်း... ကောင်းပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ငယ်ကြသေးသလားလို့"

"အို ဘာမှမဆိုင်ပါဘူး ကိုကိုဗားရယ်"

ကျွန်ုပ်ကား ဘာမှပြန်မပြောမိပေ။

ဗွတ်က စိတ်ကောက်လျှင် အလွန်လွယ်၏။


www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုဗားက ဗွတ်နဲ့ လက်မထပ်ချင်ဘူး ဟုတ်လား"

"အို… အဲဒီလို မဟုတ်ရပါဘူး"

"ဒါဖြင့် ဘယ်လိုလဲ"

"ဘယ်လိုမှလည်း မဟုတ်ပါဘူး"

"ရတယ်လေ၊ ကိုကိုဗားကို ဖေဖေနဲ့ တိုင်ပြောမယ်"

ကျွန်ုပ် ဝမ်းသာသွားမိပါသည်။

"ဟာ… အဲဒါ အကောင်းဆုံးပဲ"

သူ သူကြီးကို မည်သို့ပြောသည်မသိ။ သူကြီးက သူ့ကို မည်သို့ ဖြောင့်ဖျသည်မသိ အခြေအနေကား ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

ကျွန်ုပ်ကား ဗွတ်ကို လက်ထပ်ချင်ပါသည်။ သူ့အပြင် အခြားမိန်းကလေးလည်း မရှိချေ။ သို့သော် ရောဓဂိုဏ်းနှင့် ပတ်သက်သော အခြေအနေများကို ကျွန်ုပ်နှင့် သူကြီးကသာ အသိဆုံးဖြစ်လေသည်။ ငြိမ်းချမ်းစွာ မည်သို့နေရအံ့နည်း။

တစ်နေ့…

လက်ဖက်ရည်ဆိုင်တွင် ကျွန်ုပ် လက်ဖက်ရည်ထိုင်သောက်စဉ် လူတချို့၏ ဝေဖန်သံကို ကြားရလေသည်။

"ဂါလီဗားက သူကြီးသမီးနဲ့ ယူတော့မှာကွ"

"ခင်ဗွတ်ဗွတ်ကြီးနဲ့လားကွ"

"ဟုတ်တယ်"

"လိုက်ဖက်ပါတယ်ကွာ"

ကျွန်ုပ်ကား မသိချင်ယောင် ဆောင်လိုက်လေသည်။ အပြန်လမ်းတွင် ပြန်နေကြမဟုတ်သောလမ်းမှ ပြန်လာရာ တစ်နေရာအရောက်တွင် ဆူး[illegible]သောရန့်တစ်ခုကို ရှုရှိုက်လိုက်ရ၏။ ကျွန်ုပ် သတိလစ် လဲကျသွားလေတော့သည်။

○


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(တစ်ဆယ့်ခုနစ်)

ကျွန်ုပ် သတိပြန်ရလာသောအခါ ခန်းမကျယ်ကြီးတစ်ခုသို့ **ရောက်**နေလေသည်။ မည်သည့်နေရာမှ ခန်းမဖြစ်ကြောင်း ကျွန်ုပ် ကွဲပြား**စွာ**မသိချေ။ တဆက်တည်းမှာ အံ့သြစရာကောင်းသည်က ကျွန်ုပ်သည် **ဝတ်ရုံ**ရှည်ကြီးတစ်ခုကို ဝတ်ထားလေသည်။

ဝတ်စုံကား ရောမဂိုဏ်း၏ ဝတ်စုံဖြစ်ချိမ့်မည်။ အဘယ်ကြောင့်ကျွန်ုပ်ကို ထိုဝတ်စုံ ဝတ်ပေးထားရပါသနည်း။ ထိုအခိုက် ကျွန်ုပ်ကဲ့သို့**ဝင်**ဝတ်စုံဝတ်စဉ်ထားသူတစ်ဦး ခန်းမထဲသို့ ဝင်လာလေသည်။

ဂါလီဗားက

"ငါက ဘာကိစ္စ ဒီပုံစံဖြစ်နေရတာလဲ၊ ငါက မင်းတို့ဂိုဏ်းသားလည်း မဟုတ်ဘဲနဲ့"

"မပူပါနဲ့၊ အချိန်တန်ရင် မင်းကို သတ်ပစ်မှာ"



www.burmeseclassic.com

"ငါ့အဖေကို မင်းတို့ပဲ သတ်တာမဟုတ်လား"

"အေး ဟုတ်တယ်"

"ဘာကိစ္စ သတ်ရတာလဲ"

"ငါတို့ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တစ်ချက်ကို သူ သိသွားလို့ကွ"

"ဘယ်လိုဖြစ်လို့ အိမ်ရောက်မှ သေတာလဲ"

"ဪ... အဲဒါက အဆိပ်လေ၊ အဲဒီအဆိပ်က အရင်ဆုံး လူကို သတိလစ်သွားစေတယ်"

"ငါ့ကိုဖမ်းတာလည်း အဲဒီအဆိပ်နဲ့ပါလား"

"ဒါပေမယ့် နည်းနည်းတော့ကွာတယ်၊ မင်းအဖေမိတဲ့အဆိပ်က လှုပ်ရှားသွားလာလို့ရတယ်၊ နောက်မှ အဆိပ်အစွမ်းပြတာ"

"ဪ... ဒီလိုကိုး"

"ငါမိတဲ့အဆိပ်ကျတော့ ချက်ချင်းတုံးကနဲပါလား"

"ဆယ့်ငါးမိနစ်ကြာရင် ပြန်သတိရလာတယ်"

"မသေတော့ဘူးလား"

"ဒါက တို့သဘောအတိုင်းပဲ"

ကျွန်ုပ်ကား အတော်စိတ်အားငယ်သွားလေသည်။ သူတို့၏ လက်ချုပ်ထဲကရေ ဖြစ်နေသည်ကိုး။ ထိုစဉ်အချိန်မှာပင် ခန်းမထဲသို့ ရောဝဂိုဏ်းဝတ်စုံနှင့် စောင့်တွန်းခံရကာ ဝင်ရောက်လာလေသည်။


"မင်းတို့ ငါ့ကို ဖမ်းနေစရာမလိုဘူးကွ၊ ငါကိုယ်တိုင်က ရောဝဂိုဏ်းရဲ့ ခေါင်းဆောင်"

ထိုကဲ့သို့ ပေါတောတောစကားများကို မည်သူက ပြောနေပါသနည်းဟု ကြည့်လိုက်ရာ–



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပိုလန်ပိ ဖြစ်နေလေသည်။

ကျွန်ုပ်နှင့် စကားပြောလက်စ ရောဝဂိုဏ်းသားက –

"မင်း လက်ဖက်ရည်ဆိုင်မှာ ဘာတွေလျှောက်ပြောနေတာလဲ"

"ဟို... တို့ဂိုဏ်းကြီးက ဒီကျွန်းကြီးကို သိမ်းပိုက်မယ်ဆိုတဲ့စကား"

"အေး... သေပေါ့ကွာ"

ထိုသို့ပြောအပြီး ထိုလူ ထွက်သွားလေသည်။ အခြေအနေကို မသိသော ပိုလန်ပိကား–

"မင်းတို့ကောင်တွေနဲ့ တဂိုဏ်းတည်းဖြစ်ရတာ နာတယ်ကွာ"

"စိတ်ညစ်ရတဲ့ကြားထဲ တိတ်တိတ်နေစမ်းပါ ပိုလန်ပိရာ"

"သူကြီးမင်းရဲ့တပည့်နဲ့ ငါ့အဖေဟာ ပြုံးပြုံးလေး သေသွားကြတယ်၊ ပန်းပင်ကထုတ်တဲ့ အဆိပ်ပဲ၊ မင်းတို့ အဲဒီအဆိပ်မိလာတယ်"

ထိုအခိုက် ရောဝဂိုဏ်းသား ပြန်လည်ဝင်ရောက်လာကာ မထင်မှတ်ပဲ–

"ခွပ်"

"အား"

ပိုလန်ပိ လဲကျသတိလစ်သွားလေသည်။ ကျွန်ုပ်ကား ကြောင်ကာ ငေးကြည့်နေမိသည်။

"ငေးမနေနဲ့ ပြေးကြမယ်"

"မထူးဘူး အဆိပ်မိထားတယ်"

"ကဲ... ရော့... ရော့"

ကျွန်ုပ်ကို အဆိပ်ဖြေဆေး တိုက်လေသည်။

"ကျေးရူးရှင်ပဲ ခင်ဗျားက ဘယ်သူလဲ"

"ကိုကိုဗားကလည်း ဇွတ်ကိုတောင် မမှတ်မိတော့ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

 www.burmeseclassic.com 

"ဟာ... ဖွတ် ဝမ်းသာလိုက်တာ၊ လာ ပြေးကြမယ်"

လွတ်ရာကျွတ်ရာ ရောက်တော့မှ ကျွန်ုပ်က ရောဝေဂိုဏ်း အဆင့်များ အကြောင်း ပြောပြသည်။ ဖွတ်ကား စိတ်ဝင်စားလာသည်။

ထို့နောက်–

"ဘာပဲပြောပြော ကိုကိုဗား ဒီနေရာက ပြေးမှဖြစ်မယ်"

"ဟုတ်တယ် ဖွတ်၊ ကိုယ် လွတ်သွားလည်း ကိုယ့်ကို လိုက်သတ်ကြဦးမှာပဲ၊ ဒီကျွန်းပေါ်မှာက ထွက်ပြေးဖို့လည်း မလွယ်ဘူး၊ ပြန်မိမှာပါပဲ"

"အဲဒါဆို ဒီလိုလုပ် ကိုကိုဗား"

"ဘယ်လိုလဲ အသဲလေးဖွတ်"

"အဖေတို့ပြောတာကို ဖွတ် ကြားဖူးတယ်၊ ဒီကျွန်းရဲ့တောင်ဖက် ချောက်ကမ်းပါးကို ကျော်ဆင်းသွားနိုင်ရင် ပင်လယ်ဝတစ်ခုကို ရောက်မယ်"

"ဟုတ်ပြီ"

"တော်တော်ခဲခဲယဉ်းယဉ်း ဖြတ်သန်းရမယ့် ချောက်ကမ်းပါးပဲ"

"ဟင်... ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ ကိုကိုဗား မကြောက်ပါဘူး"

"အဲဒီ ပင်လယ်ဝကိုရောက်ရင် လူသေးသေး သင်္ဘောသေးသေးလေးတွေကို တွေ့ရလိမ့်မယ်။

"သူတို့ဆီက အကူအညီတောင်းပြီး လွတ်ရာကျွတ်ရာကိုသာ ပြေးပေတော့"

"ဖွတ်တို့တွေကရော"

"ရတယ် ဖွတ်တို့ကို စိတ်မပူနဲ့"

"ကဲ ဒါဖြင့် ခုပဲသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com


တောင်ဘက်ကမ်းပါးအထိ ဖွတ် လိုက်ပို့သည်။ ကျွန်ုပ်ကို စိတ်ပူစွာ ဖွတ်က လိုက်ပို့ပေးလေသည်။

"ဟား... နဲတဲ့ချောက်ကမ်းပါးကြီး မဟုတ်ပါလား"

နှစ်ယောက်သား သံပြိုင်ရေရွတ်မိလေသည်။ ထို့နောက် ကျွန်ုပ်သည် ချောက်ကမ်းပါးထစ်များကို အသက်ရှူမှားမတတ် ကျော်လွှားပြီး ပင်လယ်ဝသို့ ရောက်ခဲ့လေသည်။

ဖွတ်ကို မော့ကြည့်သောအခါ မရှိတော့။ သို့မဟုတ် မမြင်ရတော့ သင်္ဘောက တော်တော်နှင့် မလာပါ။

လူသေးသေးလေးများ သင်္ဘောသေးသေးလေးကိုမောင်းပြီး ရောက်လာသောအခါ ကျွန်ုပ်ကား အတော်ပင် ဗိုက်ဆာနေလေသည်။ ထိုသင်္ဘောကား 'ရွှေပြည်သို့' သင်္ဘောဖြစ်၏။

ကျွန်ုပ်အား ကြည်ကြည်ဖြူဖြူ လက်ခံသည့်အတွက် ကျေးဇူးတင်ရပါသည်။ ကျွန်ုပ်သည် သင်္ဘောနှင့်အတူ ခရီးကြုံရာလျှောက်၍ လွင့်နေပါတော့သည်။ ထိုကာလအတောအတွင်း ကျွန်ုပ်သည် သူကြီးနှင့် ဖွတ်တို့အကြောင်း ရောဂါဂိုဏ်းအကြောင်း စဉ်းစားနေလေသည်။

တစ်နေ့ ပင်လယ်ထဲတွင် သင်္ဘောက မုန်တိုင်းမိပြီး ကျွန်ုပ်တို့သည် ကယ်ယူသူဝေးသောဘဝသို့ ရောက်ခဲ့ကြလေသည်။ ကျွန်ုပ်ကို ကျွန်ုပ်သေပြီထင်ထားသလို မသေဘဲ ယခု ရွှေပြည်တို့၏ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လာလေသည်။

ကျွန်တော် သက်ပြင်းချမိတယ်။

ဘယ်အချိန်ကတည်းကရောက်ပြီး ဗိုင်းနှားထောင်နေမှန်းမသိတဲ့ ခရီးသတ်ကလည်း သက်ပြင်းတွေပဲ ချနေတယ်။


www.burmeseclassic.com

 www.burmeseclassic.com 

"ဂါလီဗား"

ကျွန်တော်က လှမ်းခေါ်လိုက်တယ်။

"ဟေ"

"အင်း ခု ခင်ဗျား ဘာလုပ်မှာလဲ"

"ငါ့ကျွန်းကို ငါ ပြန်မှာပေါ့ကွာ၊ ငါ့အဖေကို သတ်သွားတဲ့ ရောစဂိုဏ်းသားတွေကို ပြန်ပြီး လက်စားချေရမယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

 www.burmeseclassic.com 

“အေး ခင်ဗျားပြောတာလည်း ဟုတ်ပါတယ်”

“ပြီးတော့ ဖွတ်တို့သားအဖကိုလည်း သတိရတယ်”

ဂါလီဗားက မျှော်လင့်ချက်ကြီးစွာဖြင့်–

“ငါ့တစ်ယောက်စာ စက်လှေကြီးတစ်စီး လုပ်ရမယ်”

“ဟေး... ကျွန်တော်တို့လည်း ဝိုင်းလုပ်ပေးမယ်”

စေတနာကတော့ အံ့မခန်းပါပဲ။

အချိန်တိုတိုအတွင်းမှာ ပြီးဆုံးသွားပါတယ်။ ရိက္ခာခြောက်တွေ တောင် ထည့်ပေးလိုက်သေးတယ်။

အဲဒီလိုနဲ့ ဂါလီဗားကြီး ပြန်တဲ့နေ့ ကမ်းစပ်မှာ လိုက်ပို့ကြတဲ့သူ တွေ အများကြီးပါ။

“ရွှေပြည်”

BURMESE CLASSIC

“ဘာလဲ ဂါလီဗား”

“မင်းတို့ကျေးဇူးကို ငါ မမေ့ပါဘူး”

“ခင်ဗျားသာ ကိုယ့်ကျွန်းကို ရောက်အောင်ပြန်ပါ”

“သွားပြီ”


“ဟုတ်ကဲ့”

ဂါလီဗားရဲ့ လှေကလေးဟာ တရွေ့ရွေ့ ဝေး၍ထွက်သွားလေသည်။ အားလုံးက ငေးကြည့်ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော်နှင့် ဂါလီဗားအိပ်မက် ဟု စိတ်ထဲမှ နာမည်ပေးမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






တာရာမင်းဝေ

17.3.2007

Sunday 9:07 PM

ကြောင်နှင့်ကောင်တာရှေ့ထိုင်ခုံ

www.burmeseclassic.com